ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 25 October 2023 ၁၁၂၅၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကျင်းပခြင်းသည် တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေးအားထုတ်မှုတစ်ရပ်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၄**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC-II)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ဆောင်ရွက်မည့် ပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

---

ယနေ့ ဖတ်စရာ

**မယဒေဝလက်ာသစ်ကြီး နှစ် ၁၂၀ ပြည့်**

ဆောင်းပါး
စာမျက်နှာ » ၁၁

**၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၇၀၂ တွဲ ရောင်းချနိုင်ခဲ့**

စာမျက်နှာ » ၁၂

**စီးတီးတက္ကစီယာဉ် အစီးရေ ၁၀၀၀၀ ကျော်တွင် အဝါရောင်ဘေးလိုင်း စတေကာကပ်ထားပြီးဖြစ်**

စာမျက်နှာ » ၂၀

ကြေးမုံ

# သတင်းအချက်အလက်သိနားလည်မှု

လူတို့သည် မိမိနိုင်ငံ၊ မိမိပတ်ဝန်းကျင်မှ ဖြစ်ပေါ်တိုးတက်မှုများကို သိလိုကြသည်။ သတင်းဟူသည် လူတို့အတွက် အာဟာရတစ်မျိုး။ သတင်းစာပညာအရ ကောင်းကျိုးလည်း သတင်း၊ ဆိုးပြစ်လည်း သတင်းဟု ဆိုသည်။ လူတို့၏သဘာဝအရ ကောင်းသတင်းလည်းသိလို၊ မကောင်းသတင်းလည်းသိလိုကြသည်။ ကောင်းသတင်းအသိသည် လူတို့၏ဦးနှောက်အသိပညာဉာဏ်၊ ပိုင်းခြားချင့်ချိန်ဉာဏ်၊ မြော်မြင်ဉာဏ်အတွက် အားတိုးဆေးဖြစ်သည်။ မကောင်းသတင်းအသိသည် ဆန့်ကျင်ဘက်အားဖြစ်သည်။

သတင်းအချက်အလက်နှင့်ပတ်သက်သည့် ကောင်းကျိုး၊ ဆိုးပြစ် အတွေးအမြင် နှစ်မျိုးအနက် လူအများအပေါ်၌ အဆိုးမြင်အတွေးအခေါ်များ လွှမ်းမိုးအားကောင်းလာအောင် ဖန်တီးမှုများ ကြီးထွားလာသောကာလတွင် မှန်ကန်သည့် သတင်းအချက်အလက်သိနားလည်မှုများ ရရှိဖြစ်ထွန်းလာအောင် ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် (Global Media and Information Literacy Week) လုပ်ရှားမှုသည် လူအများအတွက် ကောင်းကျိုးများ ဆောင်ကြဉ်းပေးနိုင်သည်ကို တွေ့မြင်လာရသည်။

နှစ်စဉ် အောက်တိုဘာလ၏ စတုတ္ထပတ်တွင် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုရက်သတ္တပတ်အဖြစ် UNESCO (ယူနက်စကို) က သတ်မှတ်ခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအားလုံးအတွက် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာတိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်းရယူမှုအခြေအနေ တိုးမြင့်လာစေရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ဂုဏ်ပြုရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြည်သူလူထုအသိပညာများမြှင့်တင်မှု၊ စည်းရုံးလှုံ့ဆော်မှုများကို ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုရက်သတ္တပတ်ကို ၂၀၁၈ ခုနှစ်မှစတင်၍ ပါဝင်ဆောင်ရွက်ခဲ့သည်။ ယခု ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ "Media and Information Literacy in Digital Spaces; A Collective Global Agenda" "ဒစ်ဂျစ်တယ်ခေတ်ကာလမှာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု"ဟူ၍ ဖြစ်သည်။ ရက်သတ္တပတ်လှုပ်ရှားမှုသည် ပြည်သူများ မီဒီယာနှင့် သတင်းအချက်အလက်များ သိနားလည်စေရန်အတွက် အတိတ်က ဆောင်ရွက်ချက်များကို ချီးကျူးဂုဏ်ပြုခြင်းဖြစ်သလို မျက်မှောက်နှင့် အနာဂတ်ကာလတွင် ပြည်သူလူထု ပိုမိုသိနားလည်စေရန် လှုပ်ရှားဆောင်ရွက်ခြင်းဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှုများကို အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပြည်သူများ အထူးသဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုစွမ်းရည်များ ပိုမိုတိုးတက်လာစေရန် အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များ လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်လာမည်။ သတင်းတု၊ သတင်းမှားများနှင့် သတင်းမှန်ကို ခွဲခြားသိမြင်ပြီး လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် အမုန်းစကားများကို ဝိုင်းဝန်းဖြေရှင်းနိုင်မည်။ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းဖြစ်လာစေရေးအတွက် မြော်တွေးဆောင်ရွက်နိုင်မည်ဖြစ်သည်။

လွတ်လပ်သည့် စာနယ်ဇင်းဟုဆိုသော အနောက်မီဒီယာများသည် ဘက်လိုက်မှု၊ နိုင်ငံရေးသွတ်သွင်းမှုများရှိခဲ့သည်။ မီဒီယာကို လက်နက်သဖွယ် အသုံးချမှုများရှိသည်။ တိုင်းပြည်တစ်ပြည်၏ကံကြမ္မာကို ပြောင်းလဲသွားစေနိုင်အောင် တွန်းအားပေးခဲ့သည်။ မျက်မှောက်ကာလတွင်လည်း နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို ပြောင်းလဲသွားအောင်ကြိုးစားအားထုတ်နေကြသည့် အနောက်သတင်းသမားများ၊ အနောက်သတင်းဌာနများ ရှိနေဆဲဖြစ်သည်။ ယခုအခါ အနောက်မီဒီယာများ၏ အပြုသဘောမဆောင် အကောင်းမမြင်သည့် သဘောထားများကို နားလည်လာကြသည်။ နေ့စဉ်နှင့်အမျှ ထုတ်လွှင့်နေသော ပုံကြီးချဲ့ကားထားသောသတင်း၊ နိုင်ငံနှင့်လူမျိုးတို့အပေါ် နှိမ်ချချိုးဖျက်သောသတင်း၊ ပျက်စီးရာပျက်စီးကြောင်းသတင်း၊ အကြမ်းဖက်အဖျက်သမား အားပေးသောသတင်း၊ ထင်ယောင်ထင်မှား စိုးရိမ်ပူပန်စေသောသတင်းများကို ခွဲခြားနားလည်လာကြပြီဖြစ်သည်။

သို့ဖြစ်ရာ ယခုရက်သတ္တပတ်လှုပ်ရှားမှုများမှတစ်ဆင့် ပြည်သူများအား ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုစွမ်းရည်များ ပိုမိုတိုးမြှင့်ဖော်ဆောင်ပေးနိုင်ပြီး ငြိမ်းချမ်းသာယာဝပြောသည့် လူ့အဖွဲ့အစည်းများ ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမတွင်ပြုလုပ်ခဲ့သည်။

စာအုပ်လှူဒါန်းပွဲတွင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ပြည်သူများ အသိဉာဏ်ပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာနှင့်ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်၍ စာပေများဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ ဖြန့်ဝေပေးပို့လျက်ရှိပါကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် စာအုပ်များ ဝယ်ယူထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များလှူဒါန်းသည့် စာအုပ်များကိုလည်း ပေးပို့လှူဒါန်းပေးပါကြောင်း၊ စာကြည့်တိုက်များ၏အသက်မှာ စာအုပ်များဖြစ်ပါကြောင်း၊ စာအုပ်များရှိမှသာ စာဖတ်ရှုသူများဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ အလှူရှင်များတိုးပွားလာသည်နှင့်အမျှ စာအုပ်များကို များများလှူဒါန်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်စာအုပ်အလှူရှင်များ တိုးပွားရေးအတွက် စည်းရုံးပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်က စာအုပ်များလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စာအုပ်များပေးအပ်လှူဒါန်းရာ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)က အလှူငွေကျပ် တစ်သိန်းနှင့် ငွေကျပ် ၁၀၆၈၀၀၀ တန်ဖိုးရှိ အုပ်ရေ ၃၆၀ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယနေ့လှူဒါန်းမှုတွင် စာအုပ်ပေါင်း ၃၆၀ (တန်ဖိုးငွေကျပ် ၁၀၆၈၀၀၀ ခန့်)ဖြစ်ကြောင်းသိရသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၄။ ။စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၅၁၂ | ၄,၅၃၈,၀၀၀ |
| MTSH | ၃,၀၀၀ | ၂,၉၅၀ | ၃,၆၀၄ | ၁၀,၇၄၆,၃၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၇၀၀ | ၂,၂၁၀ | ၃,၆၉၆,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၆၅၀ | ၈၈ | ၂၃၅,၄၀၀ |
| EFR | ၂,၁၀၀ | ၂,၁၀၀ | ၈၃၇ | ၁,၇၃၇,၇၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၅,၇၁၁ | ၉,၉၉၄,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

- **မြန်မာလူမျိုးများသည် ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာတရားဆိုင်ရာ အဆုံးအမများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုထုံးဓလေ့များ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များနှင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာ နေထိုင်လာခဲ့ကြသည့် လူမျိုးဖြစ်ကြောင်း ခိုင်မာစွာတွေ့ရှိရ**
- **မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ မှေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့် လူမျိုးအပေါ် အထင်ကြီး လေးစားမှု လျော့နည်းပြီး အမျိုးသားရေးအားမာန်များ ခန်းခြောက်လာမည်**
- **အမျိုးသားရေးအားမာန် ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြ**

✪ ရွှေဖုံးမှ

နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ရှိကြသည့် လူမျိုးတိုင်းတွင် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများနှင့် ရိုးရာဓလေ့ထုံးစံအမွေအနှစ်များ ရှိကြစမြဲဖြစ်ပါကြောင်း၊ အလားတူ မိမိတို့မြန်မာတိုင်းရင်းသားများတွင်လည်း မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများ ထင်ရှားခိုင်မာစွာရှိကြပါကြောင်း၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးဓလေ့များနှင့် မြန်မာ့မှု၊ မြန်မာ့ဟန်စစ်စစ်များကို ရှေးမြန်မာဘိုးဘွားအစဉ်အဆက်က ဖန်တီးပုံဖော်တည်ဆောက် ထိန်းသိမ်းလာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကြာခဲ့ပြီဖြစ်ပါကြောင်း။

**အမျိုးသားယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြ**

မြန်မာ့ရှေးဟောင်းမြို့ပြနိုင်ငံများမှ တွေ့ရှိခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင် မှတ်တမ်းများအရ မြန်မာလူမျိုးများသည် ရှည်လျားသည့်သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာတရားဆိုင်ရာ အဆုံးအမများ၊ အဆင့်အတန်း မြင့်မားသည့် ယဉ်ကျေးမှုထုံးဓလေ့များ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များနှင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာနေထိုင်လာခဲ့ကြသည့် လူမျိုးဖြစ်ကြောင်း ခိုင်မာစွာတွေ့ရှိရပါကြောင်း။

သတင်းအချက်အလက်နှင့် နည်းပညာများ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် မျက်မှောက်ကာလတွင် ယဉ်ကျေးမှု တစ်သားတည်းဖြစ်ခြင်း၊ ယဉ်ကျေးမှုနှစ်ခြမ်းကွဲခြင်းနှင့် ယဉ်ကျေးမှုမျိုးကွဲများ ပေါင်းစပ်ခြင်းတို့ကို နိုင်ငံအသီးသီးကြုံတွေ့ရလျက်ရှိပါကြောင်း၊ **မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ မှေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့် လူမျိုးအပေါ် အထင်ကြီးလေးစားမှုလျော့နည်းပြီး အမျိုးသားရေးအားမာန်များ ခန်းခြောက်လာမည်ဖြစ်ပါကြောင်း၊ အမျိုးသားရေးအားမာန်ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်**ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းက မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အမျိုးသားရေးစံနှုန်းများနှင့် အမျိုးသားရေးအနှစ်သာရများ မှေးမှိန် တိမ်ကောပျောက်ကွယ်သွားခြင်း မရှိရအောင်၊ အမျိုးသားရေးစိတ်ဓာတ် ခိုင်မြဲအောင်ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်လျက်ရှိနေကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့နေစေဖို့**

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အစွန့်ရှည် တည်တံ့နေစေဖို့ ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများကို နိုင်ငံတော်က အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ 

**စာမျက်နှာ ၄ သို့** ✪

❂ စာမျက်နှာ ၃ မှ
ထိုကဲ့သို့ **အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပခြင်းသည်လည်း တစ်မျိုးသားလုံး ပါဝင် ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေး အားထုတ်မှုတစ်ရပ်ဖြစ်**သည်ဟု ပြောကြားလိုပါကြောင်း။

### ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲအမျိုးအစားများကို အရေအတွက်အရရော၊ အရည်အသွေးအရပါ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်စီစဉ်ပေးခဲ့ပါကြောင်း၊ ယခုနှစ် (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင်လည်း မိမိတို့၏ စိတ်ဆန္ဒအလျောက် မြန်မာ့အနုပညာကို စိတ်ပါဝင်စားမြတ်နိုးသူများ တိုးပွားလာမှု၊ မိဘပြည်သူများ၏အားပေးမှု၊ နိုင်ငံတော်၏ အားပေးချီးမြှင့်မှု၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၏ ထောက်ပံ့ကူညီမှု တို့ကြောင့် ယခင်နှစ် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲထက် ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာသည်ကိုလည်း အားရကျေနပ်ဖွယ်ရာတွေ့ရပါကြောင်း။

ထို့ကြောင့် **မြန်မာတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ် ဇာတိဂုဏ် ပိုမိုထွန်းတောက်ရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ မြဲမြံစွာဖြင့် မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ဆက်လက်မြှင့်တင် ထိန်းသိမ်းသွားကြပါရန် တိုက်တွန်းပြောကြားလိုပါ**ကြောင်း။

ပြည်သူအားလုံးနှင့် အနုပညာရှင်များ၊ လူငယ်လူရွယ်များအားလုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးတိုးတက် စည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ဆက်လက် ရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် ကြိုးပမ်း ဆောင်ရွက်ပေးကြရေး၊ တိုင်းတစ်ပါး ယဉ်ကျေးမှုများ ထိုးဖောက် ဝင်ရောက်လာမှု အန္တရာယ်ကို ခုခံကာကွယ်နိုင်ရေး၊ ဘိုးဘွားတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်း အမွေဆက်ခံမည့် မျိုးဆက်သစ်လူငယ်များ အမျိုးသားရေး စိတ်ဓာတ် ကိုယ်ခံအား ပြည့်ဝခိုင်မာလာစေရေး အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ဝင့်ထည်စွာ တည်တံ့စေရေးအတွက် ဦးတည်ပြီး အမျိုးသားယဉ်ကျေးမှု အဆင့်အတန်းအစဉ်ထာဝရ မြင့်မားစေရေးအောင် အနုပညာစွမ်းအားဖြင့် ဖော်ထုတ် ထိန်းသိမ်း မြှင့်တင်ပေးကြရေး တိုက်တွန်း မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

ယင်းနောက် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အနုပညာရှင်များက ဂီတစာဆို အလင်္ကာကျော်စွာ ဦးမောင်မောင်လတ် ရေးစပ်သီကုံးထားသော "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ဖွင့်ပွဲဂုဏ်ပြု တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ် ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အနုပညာရှင်များက ဂီတ စာဆို အလင်္ကာကျော်စွာ ဦးမောင်မောင်လတ် ရေးစပ် သီကုံးထားသော "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ဖွင့်ပွဲ ဂုဏ်ပြု တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရှင်းလင်းတင်ပြစဉ်။

**❖ မြန်မာတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ် ဇာတိဂုဏ် ပိုမိုထွန်းတောက်ရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည်ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ မြဲမြံစွာဖြင့် မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ဆက်လက်မြှင့်တင်ထိန်းသိမ်း**

## ကဝမြို့နယ် အုန်းနဲ့ကျေးရွာတွင် သက်မွေးဝမ်းကျောင်းပညာဖြင့် မိသားစုဝင်ငွေရရှိရေး သင်တန်းများပို့ချ



ကဝ အောက်တိုဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ဆပ်ကော်မတီနှင့် ဟာသ်ာရွှေမြေ တိုင်းဒေသကြီးတောင်သူလယ်သမားအဖွဲ့အစည်းတို့ ပူးပေါင်း၍ သက်မွေးဝမ်းကျောင်းသင်တန်းကို ယနေ့ နံနက် ၉ နာရီက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ကျော်စိုးတို့က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ ဒေါ်သူဇာခိုင်နှင့်တာဝန်ရှိသူများက ဒေသခံတောင်သူများအား သက်မွေးဝမ်းကျောင်းသင်တန်းတွင် ပညာရပ်ငါးမျိုးဖြစ်သည့် သဘာဝမြေဩဇာပြုလုပ်နည်း၊ EM ဘိုကာချီပြုလုပ်နည်း၊ ငါးအမိုင်နို့ပြုလုပ်နည်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စုပေါင်းစီမံခန့်ခွဲမှု၊ ကောက်ရိုးမှိုနှင့် ဗေဒါမှိုစိုက်ပျိုးနည်းတို့ကို လက်တွေ့သရုပ်ပြပို့ချပေးခြင်းနှင့် ဒေသအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟို အဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခြင်းဖြစ်ပြီး ဗဟို အဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃၀၆ ဦး ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၇၂ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည် ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “ပညာရွှေအိုး” ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**ယှဉ်ပြိုင်**

ယနေ့တွင် **“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ** ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ တွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူး တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆောင်ဝဇီယာ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက “အောင်မြေသာဓိ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မြူဝန်းလို့ခို” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**“ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေသဇင်” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က “ရွှာသာယာ” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင် ကြသည်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာ အဆင့် အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုး ကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ကချင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက“ဇာတိပုည ဂုဏ်မာန”ခေါင်းစဉ် ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက “ထိန်းသိမ်းစို့လေ ရိုးရာအမွေ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဗလငါးတန် ဒို့ရည်သန်” ခေါင်းစဉ် ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက “ဝါကျွတ်အခါမီ တူရာသီ” ခေါင်းစဉ်ဖြင့် လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက “အတိုင်းမသိမင်္ဂလာ”(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆန်းနွှေဦး”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စိန်ကြယ် ညီးလင်း”(မွန်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောင်ဇမ္ဗူပိုင်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**တီးခတ်ယှဉ်ပြိုင်**

**စောင်းအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “သင်းရရင် ကြိုင်”(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့် ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များက “ပန်းညောင်လှိုင်ဘွဲ့” (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့် (ပထမတန်း)

**စာမျက်နှာ ၆ သို့** ☆



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အတွင်း အမျိုးသမီး စန္ဒရားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မမေဝင့်ထည် ပါဝင် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ငြိမ်းချမ်းခိုင် ပါဝင်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ တွင် တနင်္သာရီတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးပြိုင်ပွဲ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု မင်းချစ်သူမဟော်သဓာဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၅ မှ

အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းကျေးဒီပါဗွေ"(မွန်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လေပြည် ဆော်သွင်းမြူး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွှေဦး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့် ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြူးကြွ မြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

### ဆိုင်းအဖွဲ့အလိုက် အတီးပြိုင်ပွဲ

ဆိုင်းအဖွဲ့အလိုက် အတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ(လေ့ကျင့်ရေး ဇာတ်ရုံ)၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်ကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး စန္ဒရားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မခေတ်တင့်တယ်စံ ပါဝင်ယှဉ်ပြိုင်စဉ်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု မင်းချစ်သူမဟော်သဓာဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာ ရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မဇွန်ပွင့်ဖြူ ပါဝင်ယှဉ်ပြိုင်စဉ်။

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို တိမ်ကောပပျောက်ခြင်း မရှိစေရန်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးကို ရည်မျှော်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင်(၂၄) ကြိမ်တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုကို အထောက်အကူပြုခြင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေးကို အထောက်အကူပြုခြင်း၊ မျိုးဆက်သစ်လူငယ်မောင်မယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်မှ စတင်ပြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အစဉ်အလာမပျက် ပြန်လည်ကျင်းပပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား ကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးဝင်းဦး ပါဝင်ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဦးသက်နိုင် ပါဝင်ယှဉ်ပြိုင်စဉ်။

# နောင်လာမယ့် မျိုးဆက်သစ်တွေအနေနဲ့ မြန်မာ့ယဉ်ကျေးမှုအနုပညာတွေကို တန်ဖိုးထား ထိန်းသိမ်းပေးကြပါ

ဒေါ်နွဲ့နွဲ့စန်း(အကဲဖြတ်ပညာရှင်)

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊ အေးအေးသန့်
ဓာတ်ပုံ - ဟိန်းမင်းစိုး

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ၊ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို ဖော်ထုတ်နိုင်ရန်နှင့် မျိုးဆက်သစ်လူငယ်များကို နိုင်ငံနှင့် လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ဂုဏ်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းနိုင်ရန်အတွက် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။




ဦးညွန့်ဝင်း (ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန)



ဒေါ်နွဲ့နွဲ့စန်း (အကဲဖြတ်ပညာရှင်)



ဦးဇော်ဌေး (အကဲဖြတ်ပညာရှင်)



ဒေါ်ထား (အကဲဖြတ်ပညာရှင်)



ဦးအောင်ကိန်း (အကဲဖြတ်ပညာရှင်)

အဆိုပါပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များ၏ အရည်အသွေးကို အကဲဖြတ် ဖော်ထုတ်ပေးကြမည့် ဒိုင်အဖွဲ့ဝင်များ၊ အကဲဖြတ်ပညာရှင်များနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းခံစားချက်များကို ဖော်ထုတ်ရေးသားတင်ပြလိုက်ပါသည်-

**ဦးညွန့်ဝင်း (ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရည်ရွယ်ချက် လေးရပ်နဲ့အညီ ကျင်းပပြုလုပ်တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ၁၉၉၃ ခုနှစ်ကနေ နှစ်စဉ်ကျင်းပလာခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ (၂၂) ကြိမ်မြောက် နောက်ဆုံးကျင်းပခဲ့ပြီး အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ၂၀၂၂ ခုနှစ်မှာ (၂၃) ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပတာဖြစ်ပါတယ်။ (၂၄) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ ဖြစ်မြောက်ဖို့အတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းတွေ အများကြီးဆောင်ရွက်ခဲ့ရပါတယ်။ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုတည်းနဲ့တင် မရပါဘူး။ နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့ ဝန်ကြီးဌာနတွေ စုပေါင်းပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေကို ဆပ်ကော်မတီအလိုက် တာဝန်တွေ ခွဲဝေထားပါတယ်။

ကျွန်တော်က သတ္တမအကြိမ်ကစပြီး ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီရဲ့ တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပခြင်းရဲ့ အကျိုးရလဒ်တွေကတော့ အများကြီးပါပဲ။ အဓိကကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရှက်ပုန်းသီး အနုပညာရှင်တွေရှိပါတယ်။ သူတို့တွေကို ဒီပွဲမှာ ဖော်ထုတ်လို့ရတယ်။ ဒီလိုပြိုင်ပွဲတွေ ကျင်းပပြီး ဖော်ထုတ်ပေးတဲ့အတွက် လူငယ်တွေက မဟာဂီတကို တော်တော် စိတ်ဝင်စားလာကြတယ်။ မဟာဂီတက ကျွန်တော်တို့ရဲ့ ရိုးရာယဉ်ကျေးမှု အမွေအစစ်ဖြစ်ပါတယ်။ မဟာဂီတသီချင်းတွေအပြင် အက အနုပညာတွေကိုလည်း မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ ဂီတပညာရှင်၊ အနုပညာရှင်၊ သဘင်ပညာရှင်တွေက အသက်ကြီးသွားပြီဖြစ်တဲ့အတွက် မျိုးဆက်သစ်တွေကို လက်တွေ့ကျကျ လက်ဆင့်ကမ်းနိုင်တယ်။ ဒါကြောင့် ဒီလို ပြိုင်ပွဲကျင်းပပေးတာဟာ အကျိုးကျေးဇူးတွေ အများကြီးရရှိပါတယ်။

**ဒေါ်နွဲ့နွဲ့စန်း(အကဲဖြတ်ပညာရှင်)**

ကျွန်မက နှစ်တိုင်း အကဒိုင် တာဝန်ယူထားပါတယ်။ အကမှာဆိုရင် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း၊ အသက် ၁၅ နှစ်မှ နှစ် ၂၀ အတွင်း၊ ဝါသနာရှင် ပထမတန်း၊ ဝါသနာရှင် ဒုတိယတန်းဆိုပြီး ရှိပါတယ်။ အကရဲ့ စည်းမျဉ်းစည်းကမ်းမှာ အဝတ်အစားဆိုရင် သပ်သပ်ရပ်ရပ်၊ ခိုင်ခိုင်မြဲမြဲရှိရမယ်။ တီးလုံးတီးကွက်နဲ့ ကကြိုးနဲ့ လိုက်ဖက်အောင် ကနိုင်ရမယ်။ မျက်နှာအမူအရာလည်း ပါပါတယ်။ မိန်းမဆိုရင် မိန်းမအကဖြစ်ရမယ်။ ယောကျ်ားဆိုရင် ယောကျ်ားအကဖြစ်ရမယ်။ ကျွန်မတို့က အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်တိုင်းမျှော်ပါတယ်။ ရလဒ်တွေလည်း အများကြီးရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဒိုင်တွေနဲ့ဆိုရင် ဆွေမျိုးတွေလိုကို ဖြစ်နေကြပါပြီ။ တိုင်းရင်းသားအချင်းချင်း ရင်းနှီးပြီး ချစ်သွားကြတဲ့ရလဒ်က တန်ဖိုးတော်တော်ကြီးပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအနေနဲ့ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားပေးပါ။ အလေးထားပေးပါ။ ထိန်းသိမ်းပေးပါလို့ ပြောချင်ပါတယ်။

**ဦးဇော်ဌေး(အကဲဖြတ်ပညာရှင်)**

ကျွန်တော်ကတော့ ဇာတ်သဘင်ဘာသာရပ် ဇာတ်တော်ကြီး အကဲဖြတ်အဖွဲ့ခေါင်းဆောင်တာဝန်ကို ထမ်းဆောင်မှာ ဖြစ်ပါတယ်။ ဇာတ်တော်ကြီးအဖွဲ့ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ဖော်ပြထားပြီးဖြစ်ပါတယ်။ (၂၃)ကြိမ်မြောက်တုန်းက "ရာမာယဏ" ဇာတ်တော်ကြီး ပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ငါးဖွဲ့ပဲ ရှိခဲ့ပါတယ်။ ဒီနှစ်မှာဆိုရင် ခုနစ်ဖွဲ့အထိ ရှိလာတဲ့အတွက် တိုးတက်လာတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့က ၁၈၈၅ ခုနှစ်မှာ လွတ်လပ်ရေးကို ဆုံးရှုံးခဲ့ပေမယ့် ယဉ်ကျေးမှု မဆုံးရှုံးခဲ့ပါဘူး။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပတယ်ဆိုတာ လုပ်သင့်လုပ်ထိုက်တဲ့ ပွဲတစ်ခုဖြစ်ပါတယ်။ လူငယ်တွေရဲ့ ရင်ထဲ၊ နှလုံးသားထဲ၊ မျက်စိထဲ၊ နားထဲမှာ စွဲမြဲနေစေဖို့အတွက် အခုလို ပြိုင်ပွဲကျင်းပပေးနေရမှာ ဖြစ်ပါတယ်။ လုပ်ပေးသင့် လုပ်ပေးထိုက်တဲ့ ပွဲဖြစ်တဲ့အတွက် ကျွန်တော်တို့ကလည်း နိုင်တဲ့ဘက်ကနေ ဝင်ရောက် ထမ်းဆောင်ပေးနေပါတယ်။ မျိုးဆက်သစ် လူငယ်လေးတွေ ပေါ်ထွန်းစေဖို့အတွက် အများကြီးမျှော်လင့်ပါတယ်။ အခုဆို (၂၄) ကြိမ်မြောက် ရှိပြီဖြစ်ပါတယ်။ အဲဒီအတွင်းမှာ ပေါ်ထွက်လာတဲ့ မျိုးဆက်သစ်လူငယ်တွေ အများကြီးရှိပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ပေါ်ထွက်လာဦးမှာ ဖြစ်ပါတယ်။

**ဒေါ်ထား(အကဲဖြတ်ပညာရှင်)**

ကျွန်မက ခေတ်ဟောင်းကာလပေါ်မှာ အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်မှာဖြစ်ပါတယ်။ ခေတ်ဟောင်းကာလပေါ် အဆိုရဲ့ စည်းမျဉ်းစည်းကမ်းတွေကတော့ ပင်ကိုအသံကောင်းရမယ်။ မူရင်းကို တူအောင်ဆိုရမယ်။ စည်းဝါးပိုင်နိုင်ရမယ်။ သီချင်းရဲ့ရသကို ပေါ်လွင်အောင် ဆိုနိုင်တယ်ဆိုရင် အမှတ်ရပါတယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကိုဗစ်-၁၉ ရောဂါကြောင့် နားထားရတဲ့ အချိန်ကဆိုရင် အားလုံးစိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ အဲဒီလို ရပ်နားထားရာကနေ ၂၀၂၂ ခုနှစ်မှာ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အစဉ်အလာမပျက် ပြန်လည်ကျင်းပပေးခဲ့တာ အခုဆို (၂၄)ကြိမ်မြောက် ရောက်ပြီဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီး ပြန်လည်ကျင်းပတဲ့အတွက် အားလုံးဝမ်းသာရပါတယ်။

**ဦးအောင်ကိန်း(အကဲဖြတ်ပညာရှင်)**

ကျွန်တော်က အတီးဒိုင်ချုပ်ဥက္ကဋ္ဌဖြစ်တဲ့အတွက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် သီချင်းတွေသတ်မှတ်နိုင်ဖို့ ဒိုင်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ရပါတယ်။ အရည်အချင်းရှိတဲ့ ဒိုင်တွေကိုလည်း ရွေးချယ်ပေးရပါတယ်။ ပြိုင်ပွဲတွေနဲ့ ပတ်သက်တဲ့ အမှတ်ပေး စည်းမျဉ်းစည်းကမ်းတွေကိုလည်း ဆောင်ရွက်ပေးရပါတယ်။ အတီးပြိုင်ပွဲမှာတော့ တစ်ဦးချင်းပြိုင်ပွဲ ၁၀ မျိုးနဲ့ အဖွဲ့လိုက်ပြိုင်ပွဲ သုံးမျိုးဆိုပြီး ရှိပါတယ်။ ဒီပြိုင်ပွဲကြီးရှိနေလို့သာ မြန်မာ့ရိုးရာယဉ်ကျေးမှု မပျောက်ပျက်တာလို့ ပြောလို့ရပါတယ်။ မဟာဂီတဆိုရင် ပျောက်လုနီးပါးဖြစ်နေပါပြီ။ မဟာဂီတက လူငယ်တွေကြားထဲမှာ ကွာဟနေပြီဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေ ရှိနေတဲ့အတွက် လူငယ်တွေက မဟာဂီတတေးသီချင်းတွေ ရှိတယ်ဆိုတာကို သိကြတာဖြစ်ပါတယ်။ ထူးချွန်ထက်မြက်တဲ့သူတွေလည်း ပေါ်ထွန်းလာတဲ့အတွက် ဝမ်းသာကြရပါတယ်။ ။

## ကျောက်တော်မြို့နယ် သမဝါယမအသင်းစု (လီမိတက်)၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

ကျောက်တော် အောက်တိုဘာ ၂၄

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ကျောက်တော်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးဦးစောထွန်း၊ အခြေခံသမဝါယမအသင်းများမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဦးစောထွန်းက သဘာပတိ၊ အတွင်းရေးမှူး ဦးအောင်ကျော်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးတွင် သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက လမ်းညွှန်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို သမဝါယမအသင်းစုလီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးသာက ဖတ်ကြားတင်သွင်းပြီး အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို အသင်းစာရင်းစစ်အဖွဲ့ခေါင်းဆောင်က ဖတ်ကြားတင်ပြခဲ့သည်။ ထို့နောက် အခမ်းအနားမှူးက ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းကို အသင်းဝင်ကိုယ်စားလှယ်များနှင့် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာကြသည့် အသင်းဝင်များက တညီတညွတ်တည်း သဘောတူကြကာ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



မြို့နယ် (ပြန်/ဆက်)

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ မြင်ကွင်း



ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်စဉ်။



ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်စဉ်။



အခြေခံပညာအဆင့် ( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးစန္ဒရားအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဆောင်းရနံ့ ပြိုင်ပွဲဝင်စဉ်။




စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် ( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မဂျူးဂျူးဝတီ ပြိုင်ပွဲဝင်စဉ်။



အခြေခံပညာအဆင့် ( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီး ကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မသုသုသာ ပြိုင်ပွဲဝင်စဉ်။




အခြေခံပညာအဆင့် ( အသက် ၁၅ နှစ်မှ ၂၀ အတွင်း)အမျိုးသမီး မဟာဂီတတေးသီချင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မဖူးဖူး ပြိုင်ပွဲဝင်စဉ်။




အခြေခံပညာအဆင့် ( အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးမဟာဂီတတေးသီချင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မအေးမြတ်ချယ်ပြိုင်ပွဲဝင်စဉ်။




အခြေခံပညာအဆင့် ( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မပန်သခင်ကို ပြိုင်ပွဲဝင်စဉ်။




ဝါသနာရှင်အဆင့် ( ပထမတန်း )အမျိုးသား မဟာဂီတ တေးသီချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဦးကိုကိုနိုင် ပြိုင်ပွဲဝင်စဉ်။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ မြင်ကွင်း

❖ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

❖ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃၀၆ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၇၂ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည်




ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့က ယှဉ်ပြိုင်စဉ်။



ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်စဉ်။



ဇာတ်တော်ကြီးပြိုင်ပွဲ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "မဟောသဓာ" ဇာတ်တော်ကြီးဖြင့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု မင်းချစ်သူမဟောသဓာဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။




ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်စဉ်။



စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီး မဟာဂီတတေးသီချင်း ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မမေဇင်ယမင်းနု ပြိုင်ပွဲဝင်စဉ်။



အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပစဉ်။



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရာက်ရန် ဘယ်လာရုစ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၄

ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး စယ်ရဂေးအာလယဲနိခ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပမည့် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် မန္တလေးမြို့မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)ဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ အာဆီယံ – တရုတ် မီဒီယာဖိုရမ်သို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဌာနမှူး Ms. Feng Liping နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ သတင်းစဉ်

နေပြည်တော် အောက်တိုဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကွမ်ရှီးရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနသို့လည်းကောင်း၊ ကွမ်ရှီးရေဒီယိုနှင့် ရုပ်မြင်သံကြားဆိုင်ရာသတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုဌာနသို့လည်းကောင်း သွားရောက်လေ့လာကြသည်။ (ယာပုံ)

ကွမ်ရှီး ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ ဇာတ်လမ်းတွဲများ ပူးပေါင်းဆောင်ရွက်ရေးအတွက် လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပြီး ဒုတိယဝန်ကြီးသည် ကွမ်ရှီး ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့် တွေ့ဆုံရာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး၊ အပြန်အလှန်ခရီးစဉ်များ စေလွှတ်၍ လေ့လာရေးနှင့် အစီအစဉ်များ တိုးချဲ့ရိုက်ကူးထုတ်လွှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

MRTV အနေဖြင့် GXRTV နှင့် မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရုတ်ရုပ်သံဇာတ်လမ်းတွဲများ MRTV တွင် ပြသရေး သဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် မေ ၁၄ ရက်က ချုပ်ဆို၍ တရုတ်ရုပ်သံဇာတ်လမ်းတွဲများကို မြန်မာအသံထပ်စနစ်ဖြင့် အပတ်စဉ်ပြသလျက်ရှိပြီး ယနေ့အချိန်အထိ ရုပ်သံဇာတ်လမ်းတွဲ ၁၈ ကားနှင့် ကာတွန်းဇာတ်လမ်းတွဲ ခုနစ်ခု ပြသပြီးဖြစ်သည်။ လက်ရှိအချိန်တွင် "လေနှင်ရာခရီး" အမည်ရှိ ဇာတ်လမ်းတွဲနှင့် "ဖြူစင်စိတ်လှ" အမည်ရှိ ကာတွန်းကား ပြသလျက်ရှိသည်။ တရုတ်ရုပ်သံဇာတ်လမ်းတွဲများကို မြန်မာအသံထပ်လုပ်ငန်း ဆောင်ရွက်ရာတွင် ကွမ်ရှီးဘက်မှ နည်းပညာဆိုင်ရာ ဝန်ထမ်းများနှင့် MRTV အသံသရုပ်ဆောင်ဝန်ထမ်းများသည် နှစ်နိုင်ငံတစ်လှည့်စီ အပြန်အလှန် သွားရောက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကွမ်ကျိုးမြို့မှတစ်ဆင့် လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ပြီး ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊



## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ) ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးကလေးများသင်တန်းကျောင်း(မလိခ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်အဖွဲ့ဝင်များသည် သင်တန်းကျောင်းတွင် အမျိုးသမီးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုစောင့်ရှောက်ပေးမှုနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သထုံခရိုင် လူထုအခြေပြုဗဟိုဌာန၌ Physical Fitness Dance သင်တန်းဖွင့်လှစ်

သထုံ အောက်တိုဘာ ၂၄

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလ ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်ရေးအတွက် Physical Fitness Dance သင်တန်းကို ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်သည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း အမှာစကားပြောကြားပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဇင်လှိုင်က Physical Fitness Dance ကစားခြင်းဖြင့် ဦးနှောက်ကျန်းမာရေးကို ကောင်းမွန်စေပြီး မိမိကိုယ်ကို ယုံကြည်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ခန္ဓာကိုယ် ပျော့ပျောင်းခြင်း၊ စိတ်ဖိစီးမှုများကို လျှော့ချပေးနိုင်ခြင်း၊ စိတ်ဓာတ်ကျဆင်းမှုကို လျော့နည်းစေခြင်း၊ ကိုယ်အလေးချိန် လျော့ကျစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ဝါးတောအခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသူ ၂၀ တက်ရောက်ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)




## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

# မဃဒေဝလင်္ကာသစ်ကြီး နှစ် ၁၂၀ ပြည့်

**မောင်လူမွေး(မြန်မာမှု)**

**မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီး**ကို မန်လည်ဆရာတော်ကြီး ရေးသားသီကုံးပြီးဆုံးသည့်နေ့သည် ဇာတာတော်သက်အရဆိုပါက **(၁၃၈၅ တော်သလင်း လဆုတ် ၁၄ ရက် = ၁၃-၁၀-၂၀၂၃ သောကြာနေ့တွင်)** နှစ်ပေါင်း ၁၂၀ ပြည့်ခဲ့လေပြီ။

လူတို့ဝေါဟာတွင် ဇာတာသက်ဟု ရှိလေသည်။ မြန်မာလူမျိုးတို့ အဖို့ ရှေးအစဉ်အလာ မွေးဖွားပြီးနောက် ထိုနေ့ ရက် လ နှစ်တို့ကို အကြောင်းပြု၍ ဝိသောဒရီဒသာစနစ်နှင့် ဇာတာဖွဲ့ကြ၏။ **"အောင်ဇေယျတု... ကောဇာသက္ကရာဇ်... နှစ်... လ... ရက်... နေ့ လဂ်စန်းဂြိုဟ်နေ တြင်း-နဝင်းများကို ရေးသားပြီး အဆုံးတွင် အသက် ၁၂၀ ရှည်စေသောဝ်"** ဟု ရေးထိုးကြလေသည်။

မန်လည်ဆရာတော်နှင့် **မဃဒေဝလင်္ကာသစ်**ကို မြန်မာစာ မြန်မာမှုများကို လေ့လာလိုက်စားသူတိုင်း သိရှိကြပေသည်။ မန်လည်ဆရာတော်ကို စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မင်းကုန်းရပ်တွင်(၁၂၀၃ ခု တန်ခူးလဆန်း ၁၂ ရက် အင်္ဂါနေ့ = ၂၂-၃-၁၈၄၂) သန်းခေါင်ကျော် ၃ ချက်တီးအချိန်တွင် ဖွားမြင်တော်မူသည်။ အဖမှာ စာရေးကြီး ဦးထင်ညို+အမိ ဒေါ်ဖြေ၊ ငယ်မည် **မောင်မာ** ဖြစ်၏။ ၁၂ နှစ်သားအရွယ်တွင် စတင်ကျောင်းနေ၍ ၁၆ နှစ်တွင် ရှင်သာမဏေပြုသည်။ ဘွဲ့တော်မှာ **ရှင်ဇဝန** ဖြစ်သည်။ သက်တော် ၂၂ နှစ်မှ ရဟန်းအဖြစ်ကို အတည်ပြုသည်။ ပထမရဟန်းခံသော ဝါကို ရဟန်းခံသည့် သိမ်နှင့်ဆက်စပ်၍ ဝိနယကုက္ကုစ္စ သံသယဖြစ်၍ အတည်မပြုခဲ့ပေ။

## ကျမ်းစာပေါင်း ၆၃ မျိုးကို ရေးသားပြုစုခဲ့

ဆရာတော်သည် ကျမ်းစာပေါင်း ၆၃ မျိုးကို ရေးသားပြုစုခဲ့သည်။ ဤ၌ **"မဃဒေဝလင်္ကာသစ်ကျမ်းပြီးနှစ်"**ကို အဓိကတင်ပြလိုရင်း ဖြစ်ပါသည်။

ဤကျမ်းကို သက်တော် ၃၂ နှစ် ၁၂၃၅ ခုနှစ်တွင် စတင်ရေးသားခဲ့သည်။ သို့တိုင် သာသနာ့ကိစ္စအဝဝကြောင့် အပြီးမသတ်နိုင်ခဲ့ပေ။ နောင် ထိုစာကို ဆက်ရေးပါရန် ပုဂ္ဂိုလ်တစ်ဦးက လျှောက်ထား၍ ဆက်၍ရေးသားကြောင်း **"ကြံစည်စိတ်က၊ ဆယ်ဝါရတွင်၊ စ၍ရေးသား၊ ပြုပါငြားလည်း၊ ဘုရားအမှု၊ ရှင်လူအရေး၊ ရှုပ်ထွေးတုံလျှင်း၊ သို့အခင်းကြောင့်၊ တင်းလင်းထားသို၊ မပြီးလိုခဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ မဟာမြောက်မှ၊ အောက်မေ့ပြန်ဘိ၊ ရသတိဖြင့်၊ နှမိနှမြော၊ လွန်ခဲ့သောဟု၊ မျှောသွားရေဝယ်၊ လိုက်၍ဆယ်သို့"** (ပိုဒ်ရေ- ၅၉၁)ဟု ဆက်စပ်ကာ ဤလင်္ကာကြီးကို အခန်းရေ၊ အပိုဒ်ရေ၊ အကြောင်းအရာအလိုက် မည်သို့ရေးသားထားသည် ရေးသောအကြောင်းအရာ အချက်အလက်တွင်လည်း **"မီးကတော့ပူတယ်၊ ရေကတော့အေးတယ်"**ဟူသောအကြောင်းအရာ ထူးထူးခြားမဟုတ်သည့် ရေးထားသည့်စာမျိုး မဟုတ်ကြောင်းကို **"ရေပူအေးငြား၊ မီးကားပူတောင်း၊ ဆိုတုံရှောင်းသို့၊ အကြောင်းပေ့ါဘိ၊ ထူးမရှိဘဲ၊ ဆိုမိဆိုရာ၊ မဆိုစွာတည့်"**(ပိုဒ်ရေ-၂) ဟု နိဒါန်းတွင် ကျမ်းပြုချက်အပြစ် ၅ ပါးကို ရှောင်လွှဲပြီး ရေးသားထားကြောင်းကို ဖော်ပြထားလေသည်။

မဃဒေဝလင်္ကာသစ်ကျမ်းကြီးမှာ သတ်ပုံခွဲထားအနေဖြင့်လည်းကောင်း၊ ရာဇဝင်သမိုင်းဆိုင်ရာအနေဖြင့် လည်းကောင်း၊



မန်လည်ဆရာတော်ဘုရားကြီး ပုံတော်

လောကီသုတဆိုင်ရာနှင့်လောကုတ္တရာစာပေအနေဖြင့် လည်းကောင်း၊ အလင်္ကာကျမ်းကြီးအနေဖြင့်လည်းကောင်း၊ ဓမ္မကြောင်း ရာဇကြောင်း အနေဖြင့်လည်းကောင်း စွယ်စုံနည်းစုံရှုထောင့်စုံမှ ကြည့်ရှုခံစားသိရှိနိုင်သော စာပေလင်္ကာကျမ်းကြီးဖြစ်သည်။

မြန်မာစာပေလောကတွင် စွယ်စုံအနေဖြင့်အသုံးပြု၍ ကြည့်နိုင်သောကျမ်းမှာ စိန္တကျော်သူ ဦးဩ၏ **"ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်း"** နှင့် ဤ **"မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်း"** ဟု ဆိုနိုင်ရာသည်။ ထိုသို့သဘောကို **"လောကဓမ္မ၊ ရာဇထုံးဦး၊ မလွန်ကျူးဘဲ၊ နည်းထူးများလှ၊ ကျမ်းထိုမျှကို၊ သုတပေါင်းကာ၊ ပြုတတ်စွာကြောင့်၊ မဟာသုတကာရီ၊ သညီတပ်ဘွဲ့၊ လင်္ကာသွဲ့၍..."**(ပိုဒ်ရေ-၅၉၁) ဟု ဆရာတော်က ရေးဖွဲ့ထားသည်ကို ကိုးကား၍ဆိုခြင်းဖြစ်ပါ၏။ ဤလင်္ကာသစ်ကျမ်းကြီးကို ပညာရှင်များ၊ သုတေသီများ၊ စာပြုပုဂ္ဂိုလ်များ ရည်ညွှန်းကိုးကား ဖွင့်ဆိုရေးသားကြရာ ဖွင့်၍ပင် မကုန်ခန်းနိုင်၊ ကိုးကား၍ပင် မကုန်ခန်းနိုင်ဆိုရမည်ဖြစ်သည်။

## ကျမ်းကြီးနိဂုံးအပြီး သတ်သည့်နေ့

ဤမျှ ကြီးကျယ်ခမ်းနား လေးနက်လှသော ကျမ်းကြီးနိဂုံးအပြီး သတ်သည့်နေ့ကို **"ခြောက်ဆယ့်ခြောက်ခု၊ နှစ်အစုတွင်၊ ဥတုဝသန်၊ နံကာလွန်မှ၊ လမွန်သစ်ဆင်း၊ တော်သလင်း၏၊ လမင်းစန္ဒီ၊ မကွယ်မီဝယ်၊ စုဒ္ဒသီစက်၊ ပူးမင်းရက်နိုက်၊ စာတက်စာနာ၊ သဃ်ာအများ၊ တပည့်သားအား၊ ပြုငြားမချွတ်၊ စာပို့ဝတ်လည်း၊ မလွတ်စေရ၊ ပို့ချပြီးခါ၊ ထိုင်ရာမထ၊ လက်မကြွဘဲ၊ ထိုညနာရီ၊ ရှစ်ချက်ဆီတွင်၊ ဤစာနတ်မောင်း၊ အောင်စည်ညောင်းသည်။ ။ တိုက်သောင်းကြားစေ ခြိမ့်အုန်းတည်း။ ။ "** (ပိုဒ်ရေ- ၅၉၁)ဟု နိဂုံးချုပ်ထားလေသည်။ (သက္ကရာဇ် ၁၂၆၆ ခု တော်သလင်းလဆုတ် ၁၄ ရက် ခရစ်နှစ် ၇-၁၀-၁၉၀၄ သောကြာနေ့ ည ၈ နာရီ) ထို့ကြောင့် ဇာတာသက်နှင့် ပြောရပါက နှစ် ၁၂၀ ပြည့်ပေပြီ၊ ထိုအကျော်ကို ဝေဒဇာတာတော်ပုံအရ သမိုင်းဝင်ပြီဟုဆိုရပါမည်။

မြန်မာစာပုံနှိပ်သမိုင်းတွင် ရှေးရေးပေမူများကို နောင်တွင် စာရွက်နှင့် ရေးကူးပုံနှိပ်ကြမြဲဖြစ်သည်။ ထိုခေတ်ကာလအချိန်တွင် စက္ကူစာရွက်များပေါ်နေပေပြီ။ ဆရာတော်သည် ဤမဟာသုတကာရီ လင်္ကာသစ်ကျမ်းကြီးကို မိမိလက်ရေးဖြင့် နမောတဿမှစတင်၍ နိဂုံးအဆုံးတိုင် ဗလာစာအုပ်ပေါ်တွင် ရေးသားတော်မူခဲ့ပေသည်။ ထိုလက်ရေးမူကို စတင်ပုံနှိပ်ခြင်းဖြစ်သည်။

ပထမပုံနှိပ်မူကို ၁၂၆၉ ခု မန္တလေးမြို့ ဆိုင်းတန်းလမ်း ရတနာဒီပ ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သည်။ စာမျက်နှာ ၃၀၄ မျက်နှာ၊ အခန်းပေါင်း ၆ ခန်းနှင့် အပိုဒ်ပေါင်း ၃၂၂ ပိုဒ်ပါရှိသည်။

ဒုတိယရိုက်နှိပ်မူမှာ ၁၂၇၆ ခုနှစ် ရန်ကုန်မြို့ ၂၅ လမ်း စာဆိုတန်းတိုက် ၁၇/၁၈ ပြည်ကြီးမဏ္ဍိုင်ပိဋကမှ ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သည်။ ပြင်ဆင်ချက်ပါဝင်ပြီး စာမျက်နှာ ၄၈၆၊ အခန်းပေါင်း ၆ ခန်းနှင့် ပိုဒ်ရေ-၆၂၄ ပိုဒ်ပါဝင်ခဲ့လေသည်။

တတိယစာမူမှာ ထူးခြားလှပေသည်။ ၁၂၈၁ ခုနှစ်တွင် ဖော်ပြပါ ပုံနှိပ်မူ ၂ ခုကို စိစစ်၍ ဆရာတော်ကြီး ပျံလွန်တော်မမူမီ ဖြည့်စွက်ချက်-၉၉၇ ချက်၊ ပြင်ဆင်ချက် - ၅၅၅ ချက်၊ နုတ်ပယ်ချက်- ၈ ချက် စုစုပေါင်း ၁၅၆၀ ရှိသည်။ အခန်း ၆ ခန်းနှင့် အခန်းပယ် ၅၂ ပိုဒ် စုစုပေါင်း ၆၂၅ ပိုဒ် ရေးဖွဲ့ထားခဲ့လေသည်။

## မန်လည်ဒေသ၌ပင် ပျံလွန်တော်မူခဲ့

ထိုစာမူကို မန္တလေးမြို့ ဘုရားကြီးတိုက် အနောက်မုခ် ရွှေရေးဆောင်တိုက်၊ တိုက်အုပ် ဆရာတော် ဦးစန္ဒိမာက ကြီးကြပ်၍ ပေထက်အက္ခရာတင်ထားလေသည်။ ၁၂၈၁ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်နေ့တွင် ရေးကူးပြီးဆုံးသည်။ ပေအင်္ဂါ ၂၆ အင်္ဂါရှိသည်။ ယခု အဆက်ဆက်ရိုက်နှိပ်နေသောမူမှာ ဤပေမူပင်ဖြစ်သည်။ ထိုစာမူကို ဆရာတော်သည် ဖော်ပြပါအတိုင်းစိစစ်ပြီး နောင်တစ်နှစ်အကြာတွင်(၁၂၈၂ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်၊ နံနက် ၁:၃၀ နာရီ= ၂၅-၉-၁၉၂၀) တွင် မန်လည်ဒေသ၌ပင် ပျံလွန်တော်မူခဲ့လေသည်။

ခေတ်အဆက်ဆက်ရှေးစာဆိုတော်တို့၏ စာမူများကို ပေမူမှသည် ပုံနှိပ်မူသို့ ပြောင်း၍ ရိုက်နှိပ်ကြရိုးရှိပေသည်။ **"မဟာသုတကာရီ မဃလင်္ကာသစ်ကြီး"** မှာမူ ပုံနှိပ်မူမှပေမူသို့ တင်သည်မှာ စာပေသမိုင်းတွင် ရှားရှားပါးပါးဖြစ်ပါ၏။

မူလပထမစတင်ပုံနှိပ်စကပင် ပါဠိဆရာကြီး ဦးဖြေ၊ ပါဠိဆရာကြီး ဦးညွန့်၊ ပါဠိဆရာကြီး ဦးဝင်းမောင်၊ ဦးအေးမောင်၊ ဦးဖေမောင်တင် စသည့်

စာမျက်နှာ ၁၂ သို့ ○

> **မဃဒေဝလင်္ကာသစ်ကျမ်းကြီးမှာ သတ်ပုံခွဲထားအနေဖြင့်လည်းကောင်း၊ ရာဇဝင်သမိုင်းဆိုင်ရာအနေဖြင့် လည်းကောင်း၊ လောကီသုတဆိုင်ရာနှင့် လောကုတ္တရာ စာပေအနေဖြင့်လည်းကောင်း၊ အလင်္ကာကျမ်းကြီး အနေဖြင့်လည်းကောင်း၊ ဓမ္မကြောင်း ရာဇကြောင်းအနေဖြင့်လည်းကောင်း စွယ်စုံနည်းစုံ ရှုထောင့်စုံမှ ကြည့်ရှုခံစား သိရှိနိုင်သော စာပေလင်္ကာကျမ်းကြီးဖြစ်**

မဃဒေဝလင်္ကာသစ်ကျမ်းကြီးကို ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရေးသားသည့်လက်ရေးစာပုံ





မြန်မာသုတေသနအသင်း။

မန်လည်ဆရာတော်

မဟာသုတကာရီ မဃဒေဝလင်္ကာသစ်။

ဒုတိယ အုပ်။

MAHATHUTAKARI MAGHADEVA LINKATHIT II.

BY

MANLI SAYADAW.

EDITED BY

SAYA NYUN.

BURMA RESEARCH SOCIETY.

PUBLICATION SERIES No. 27.

General Editor:—PE MAUNG TIN, B. Litt.

352—

မန်လည်ဆရာတော်ဘုရားကြီးအသုံးပြုခဲ့သည့် ကော်ပီစာအုပ်မျက်နှာဖုံး




မန်လည်ဆရာတော်ဘုရားကြီးအသုံးပြုခဲ့သည့် ကော်ပီစာအုပ်ကျောဖုံး



# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဝါးခယ်မမြို့နယ် ရွှေလောင်းကျွန်းပတ်တာအတွင်းရှိ ထော်ကန္တတ်ရေထိန်းတံခါး ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် အောက်တိုဘာ ၂၂ ရက်တွင် ဝါးခယ်မမြို့နယ် ရွှေလောင်းကျွန်းပတ်တာအတွင်းရှိ ထော်ကန္တတ်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးပြီး ရေသွင်း၊ ရေထုတ် ပုံမှန်ဆောင်ရွက်နိုင်ရေး၊ မိုးစပါးများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်နှင့် နွေစပါး ရေရရှိရေးအတွက် ရေသိုလှောင်ပေးသွင်းနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုအားပေး**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် မယ်တလိုင်းကျေးရွာအုပ်စုရှိ မျိုးစေ့ထုတ်တောင်သူများ၏ စီးပွားဖြစ် မျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုအားပေးသည်။ ထို့နောက် မအူပင်မြို့နယ် ရေလဲ-သဲဖြူ-အောင်ဘုံ ရေနုတ်မြောင်း ပြန်လည်တူးဖော်ပြီးစီးမှုနှင့် ငါးကြီးဂရက်ကျေးရွာအုပ်စု တောင်သူများ၏ မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန တလုပ်လှငါးလုပ်ငန်းစခန်း၏ ငါးသားပေါက်ထုတ်လုပ်ခြင်း၊ မျိုးစိုက်ထည့်ခြင်း၊ ငါးမွေးမြူရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ၊ ငါးသားဖောက်များ ဖြန့်ဖြူးခြင်း၊ ဒေသငါးမျိုးစိတ်ဖြစ်သည့် ငါးမြင်းမျိုးစိတ် ငါးသားဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် စီမံထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ငါးသားပေါက်နှင့် နည်းပညာများ ကူညီပံ့ပိုးပေးရန် ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ထနီးကျေးရွာရှိ စီးပွားဖြစ် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော တောင်သူဦးသိန်းဦး၏ ငါးမွေးကန်သို့ ရောက်ရှိပြီး ငါးအစာကို ဒေသ၌ အလယ်တကူရရှိနိုင်သည့် အာလူးနှင့် ကန်စွန်းဥများ ထည့်သွင်းကျွေးမွေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မအူပင်မြို့နယ် ထနီးရေတံခါး ရေထုတ်နုတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်မှုလျော့ကျစေရေးနှင့် နွေစပါး အောင်ရေလုံလောက်စွာရရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ စူးစမ်းလေ့လာရေးဌာနခွဲ၊ ဘူမိဗေဒဌာနခွဲ၊ ဒီဇိုင်းနှင့် ပုံထုတ်လုပ်ငန်းဌာနခွဲများမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ထောက်ကြန့်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၅) စက်မှုလယ်ယာစခန်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ထွန်စက်နှင့် မောင်းနှင်နိုင်သည့် ရွှေ့လျားစပါးအခြောက်ခံစက်အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့ ရေပေးဝေရေးလုပ်ငန်းများအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ စိစစ်ရွေးချယ်

လားရှိုး အောက်တိုဘာ ၂၄

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၊ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန၊ လားရှိုးမြို့ တိုးချဲ့ရေပေးဝေရေး လုပ်ငန်းနှင့် လက်ရှိမြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဦးစွာ စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) စိစစ်ရွေးချယ်ရေး အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်က အဖွင့်အမှာစကား ပြောကြားပြီး စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) စိစစ်ရွေးချယ်ရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက (EOI) ခေါ်ယူခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ (လားရှိုး)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်မိုးခိုင်က (EOI) ခေါ်ယူခြင်းဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကုမ္ပဏီများမှ တင်သွင်းလာသော အဆိုပြုလွှာများကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့များက ဖွင့်ဖောက်စိစစ်ကာ အဆိုပြုလွှာ တင်သွင်းထားသော ကုမ္ပဏီက Power Point ဖြင့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် စိတ်ဝင်စားမှု အဆိုပြုလွှာ တင်သွင်းထားသော ကုမ္ပဏီက တင်ပြလာမှုအပေါ် စိစစ်ရေးအဖွဲ့ဝင်များက သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြကြောင်း သိရသည်။

**စိုင်းထွန်း(လားရှိုး)**

○ စာမျက်နှာ ၁၁ မှ

မြန်မာစာပေပညာရှင်ကြီးများက အဆက်ဆက် ကြီးကြပ်ပြင်ဆင် ပုံနှိပ်ခဲ့ကြရာ စာကျစာန များစွာ မရှိရဘဲ ပုံနှိပ်မှုများ သန့်ရှင်းစင်ကြယ်မှု ရှိခဲ့လေသည်။ မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး ၁၉၇၆ နှစ် နောက်ပိုင်း ရိုက်နှိပ်သည့် မှုများသည် ပို၍ကောင်းမွန်လာပေသည်။ ဟံသာဝတီပုံနှိပ်တိုက်၊ သာသနာရေးပုံနှိပ်တိုက် တို့တွင် ရိုက်နှိပ်၍လည်း (ပိဋကပညာရှင်နှင့် ဘာသန္တရစာပေပညာရှင်များရှိ၍) အထူး ကောင်းမွန်လာပေသည်။ ဤသို့ဖြင့် အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေလာရာ ၁၃၆၆ ခုနှစ်တွင် နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီ။ ရာပြည့်ပွဲတော်ကို ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆရာတော်ကြီး ဇာတိမြေမန်လည်ကျောင်းတိုက်ကြီးတွင် ကျင်းပခဲ့လေသည်။ ရာပြည့်စာပေယဉ်ကျေးမှု အနုပညာမဂ္ဂဇင်းထုတ်ဝေခြင်း၊ စာပေဟောပြောပွဲ ကျင်းပခြင်း၊ ပြပွဲပြသခြင်းများ ပြုလုပ်ပူဇော်ခဲ့ကြပါသည်။

စာရေးသူသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မပုပ်မသိုးဘဲ ရွှေပိန်းချထားသော မန်လည်ဆရာတော်၏ ရုပ်ကလာပ်တော်ကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့ဖူးပါသည်။ ထိုအခါက သိကျွမ်းခဲ့သော ယခုမန်လည်ဆရာတော်ဦးစန္ဒိမာကို နှစ် ၁၂၀ ပြည့်အကြောင်း၊ ဖုန်းဖြင့်လျှောက်ထားရာ ဆန္ဒပြုမှာကြားချက်ကို ဤဆောင်းပါးဖြင့် ဖြည့်ဆည်းပါကြောင်းနှင့် မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကြီး ပြီးမြောက်နိဂုံးချုပ်သည့် နှစ် ၁၂၀ ပြည့်ကို ဂုဏ်ပြုကြည်ညို ပူဇော်ရပါကြောင်း လေ့လာတင်ပြအပ်ပါသည်။ ဆရာတော်ကြီး၏ မဟာသုတကာရီမဃဒေဝ လင်္ကာသစ်ကြီးသည် ရာစုနှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲပြီး မြန်ပြည်သူများ သုတ ရသကိုခံစားကြည်ညိုနိုင်ကြပါစေဟု ဆန္ဒပြုနိဂုံးချုပ်ပါသည်။ ။



# ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၇၀၂ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

**လေ့လာကြည့်ရှု**

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမရှိ သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းဖြစ်ပြီး ယနေ့တွင် ကျောက်စိမ်းအတွဲ ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၇၀၂ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အတွက် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီတွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျန်ရှိနေသည့် ကျောက်စိမ်းတွဲများကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၈ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။

# ဂါဇာဒေသ၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၅၈၀၀ နီးပါးသေဆုံး



ဂါဇာ အောက်တိုဘာ ၂၄

ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၅၇၉၁ ဦးသေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

ထို့ပြင် အဆိုပါ အစ္စရေးနှင့် ဟားမတ်စ်တို့၏ အပြန်အလှန်ပစ်ခတ်မှုများကြောင့် ပါလက်စတိုင်းနိုင်ငံသား ၁၆၂၉၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း ယင်းကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုသည် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်တို့၏ အစ္စရေးစစ်တပ်ပစ်မှတ်များနှင့် မြို့များကို ကြီးမားသော တိုက်ခိုက်မှုမှ အစပြုခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ အစ္စရေးနိုင်ငံတွင် အနည်းဆုံး လူ ၁၄၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်




# တရုတ်နိုင်ငံ၌ ဓာတ်ဆီနှင့် ဒီဇယ်ဆီလက်လီဈေးနှုန်းများ လျှော့ချမည်

ပေကျင်း အောက်တိုဘာ ၂၄

တရုတ်နိုင်ငံ၌ မကြာသေးမီကဖြစ်ပေါ်ခဲ့သည့် နိုင်ငံတကာ ရေနံဈေးနှုန်းအပေါ် မူတည်၍ အောက်တိုဘာ ၂၅ ရက်မှစတင်ကာ ဓာတ်ဆီနှင့် ဒီဇယ်ဆီ လက်လီဈေးနှုန်းများကို လျှော့ချသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းစီးပွားရေးစီမံချက်ရေးဆွဲသူတစ်ဦးက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

## လျှော့ချသွားမည်

ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများကို တစ်တန်လျှင် ယွမ် ၇၀ (အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၅ ဒေါ်လာခန့်) လျှော့ချသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးရေနံကုမ္ပဏီသုံးခုဖြစ်သည့် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း၊ တရုတ်ရေနံ ဓာတုကော်ပိုရေးရှင်းနှင့် တရုတ်အမျိုးသားကမ်းလွန်ရေနံကော်ပိုရေးရှင်းတို့နှင့် ရေနံချက်စက်ရုံများသည် ရေနံထုတ်လုပ်မှုကို ထိန်းသိမ်းရန်နှင့် တည်ငြိမ်သောထောက်ပံ့မှုများရရှိစေရေး သယ်ယူပို့ဆောင်ရေးအဆင်ပြေစေရန်ညွှန်ကြားထားကြောင်း အဆိုပါကော်မရှင်က ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# လက်ဘနွန်နှင့် အီတလီကာကွယ်ရေးဝန်ကြီးများ အစ္စရေး-ဟားမတ်စ်ပဋိပက္ခနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

ဘေရွတ် အောက်တိုဘာ ၂၄

လက်ဘနွန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး မောရိုက်ဆလင်သည် ဂါဇာကမ်းမြောင်ဒေသတွင် လက်ရှိဖြစ်ပွားနေသော အစ္စရေး-ဟားမတ်စ်ပဋိပက္ခနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ဘေရွတ်မြို့၌ အလည်အပတ်ခရီးရောက်ရှိနေသော အီတလီကာကွယ်ရေးဝန်ကြီး ဂွီဒိုခရော့ဆက်တိုနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

တွေ့ဆုံစဉ်အတွင်း အီတလီကာကွယ်ရေးဝန်ကြီး ခရော့ဆက်တိုက အစ္စရေး-ဟားမတ်စ်ပဋိပက္ခအတွင်း ပြည်ပအဖွဲ့အစည်းများကို အကာအကွယ်ပေးရေး၏ အရေးပါမှုအကြောင်းကို အလေးထားပြောကြားခဲ့သည်။

ထို့ပြင် အီတလီကာကွယ်ရေးဝန်ကြီးက အပြစ်မဲ့ပြည်သူများအား အကာအကွယ်ပေးရေး တောင်းဆိုခဲ့ပြီး ကုလသမဂ္ဂယာယီတပ်ဖွဲ့နှင့် လက်ဘနွန်စစ်တပ်အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကိုလည်း မီးမောင်းထိုးပြခဲ့သည်။

အီတလီနိုင်ငံအနေဖြင့် လက်ဘနွန်စစ်တပ်အား စစ်ရေးဆိုင်ရာ အထောက်အပံ့များ ဆက်လက်ပေးသွားရန် အသင့်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# ကမ္ဘောဒီးယားနိုင်ငံ၌ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ စမတ်ဖုန်းများ အသုံးပြုမှုတားမြစ်

ဖနောင်ပင် အောက်တိုဘာ ၂၄

ကမ္ဘောဒီးယားနိုင်ငံ၌ စာသင်ခန်းများအတွင်း စမတ်ဖုန်းများ အသုံးမပြုရန် ကျောင်းသား ကျောင်းသူများအား ပိတ်ပင်တားမြစ်လိုက်ကြောင်းနှင့် ယင်းသို့ ပိတ်ပင်တားမြစ်ခဲ့ခြင်းသည် ကျောင်းသားကျောင်းသူများအနေဖြင့် ၎င်းတို့၏ ပညာရေးကိုသာ အဓိကထားရန်ဖြစ်ကြောင်း သိရသည်။

စာသင်ခန်းများအတွင်း သို့မဟုတ် ကျောင်းချိန်အတွင်း စမတ်ဖုန်းများ သို့မဟုတ် အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြုခြင်းကို တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး ဟန်ချွန်နာရွန်က ပြောကြားသည်။

## စာသင်ကြားခြင်းကိုသာ အလေးထား

အဆိုပါ ဆုံးဖြတ်ချက်သည် ကျောင်းသားများကို ဂိမ်းကစားခြင်း သို့မဟုတ် ၎င်းတို့၏ လေ့လာမှုနှင့် မသက်ဆိုင်သော ဆိုရှယ်မီဒီယာကို အသုံးပြုခြင်းထက် ၎င်းတို့၏အချိန်များကို စာသင်ကြားခြင်းကိုသာ အလေးထားရန် တိုက်တွန်းခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

## အကြံပေး

ကျောင်းသားများကို အားလပ်ချိန်များတွင် စာအုပ်များဖတ်ရန် သို့မဟုတ် စာကြည့်တိုက်များတွင် သုတေသနလုပ်ရန် အရှေ့တောင်အာရှရှိ အစိုးရကျောင်းများမှ ဆရာများနှင့် အတန်းဥက္ကဋ္ဌများအား ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး ဟန်ချွန်နာရွန်က အကြံပေးခဲ့ကြောင်း သိရသည်။

မိဘများ သို့မဟုတ် တရားဝင် အုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ ကလေးများကို ၎င်းတို့၏ စာပေလေ့လာမှုအတွက်သာ စမတ်ဖုန်းနှင့် အခြားအီလက်ထရွန်နစ် ပစ္စည်းများကို အသုံးပြုရန် ညွှန်ကြားမှုပြုရန်အတွက် တိုက်တွန်းထားကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်

# သီရိလင်္ကာနိုင်ငံအစိုးရအဖွဲ့က နိုင်ငံခုနစ်နိုင်ငံအတွက် ပြည်ဝင်ခွင့်ကင်းလွတ်ခွင့်စီမံချက်ကို အတည်ပြု

ကိုလံဘို အောက်တိုဘာ ၂၄

သီရိလင်္ကာနိုင်ငံ အစိုးရအဖွဲ့က ၎င်းတို့၏ နိုင်ငံသားများအတွက် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ပြည်ဝင်ခွင့် ကင်းလွတ်ခွင့် ကမ်းလှမ်းလာမှုကို အတည်ပြုလိုက်ပြီ ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဟာရင်ဖာနန်ဒိုက အောက်တိုဘာ ၂၃ ရက် ညပိုင်းတွင် ပြောကြားခဲ့သည်။




သီရိလင်္ကာနိုင်ငံ အစိုးရအဖွဲ့သည် ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ ရှေ့ပြေးစီမံချက်အဖြစ် သတ်မှတ်ကာ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အား ပြည်ဝင်ခွင့် ကင်းလွတ်ခွင့်အတည်ပြုခဲ့ကြောင်း ယခင်က တွစ်တာဟု လူသိများသော လူမှုမီဒီယာ “X” တွင် သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး ဟာရင်ဖာနန်ဒိုက ရေးသားဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်အတွင်းက နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၅ သန်းဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား နှစ်သန်းအထိ ဆွဲဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း သီရိလင်္ကာနိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိသည့်လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါ၊ စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းများကြောင့် ဆုတ်ယုတ်မှုဒဏ်ကို ခံခဲ့ရကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# သရေခေတ္တရာပျူမြို့ဟောင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြည် အောက်တိုဘာ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက သရေခေတ္တရာပျူမြို့ဟောင်းအတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ သရေခေတ္တရာပျူမြို့ဟောင်းဇုန်အတွင်းရှိ ရဟန္တာကန်တော်မင်္ဂလာအနီးသို့ ရောက်ရှိခဲ့ပြီး ခေတ်မီ Public Toilet နှင့် Coffee Shop ဆောက်လုပ်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းနောက် ဘောဘောကြီးဘုရားအနီး ခေတ်မီ Public Toilet တည်ဆောက်မည့်နေရာအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုဇုန်များတွင် ဆောက်လုပ်သည့် သတ်မှတ်ဒီဇိုင်းများအတိုင်း ဆောင်ရွက်ရန်၊ ဆောက်လုပ်သည့် Toilet များတွင် မသန်စွမ်းခရီးသွားများ၊ သက်ကြီးရွယ်အိုများ အသုံးပြုနိုင်သည့် ပုံစံများဖြင့် ဆောင်ရွက်ရန်၊ တည်ဆောက်မည့် ကုန်ကျစရိတ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်း ကော်မတီအဆင့်ဆင့်မှ စိစစ်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သရေခေတ္တရာပျူမြို့ဟောင်း ပြတိုက်သို့ရောက်ရှိခဲ့ပြီး သရေခေတ္တရာပျူမြို့ဟောင်း Website ရေးဆွဲထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ကာ ရှေးဟောင်းနေရာများအလိုက် သမိုင်းကြောင်းများ၊ မှတ်တမ်းဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ထည့်သွင်းသွားရန်၊ သတ်မှတ်နေရာများတွင် QR Code များ စိုက်ထူသွားရန်၊ ထိုင်းနိုင်ငံရှိ ခရီးသွား Website တစ်ခုဖြစ်သည့် Museum Pool နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ပြတိုက်အနီး အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ တည်ဆောက်နိုင်ရေး တင်ပြပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်-ပေါက်ခေါင်းလမ်းဆုံမှ သရေခေတ္တရာပျူမြို့ဟောင်းထိပ်ထိ တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၇၀၀ ဖြင့် လေးလမ်းသွား လမ်းချဲ့ခြင်းနှင့် Box Culvert ပြုလုပ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းဘေးပလက်ဖောင်းအောက်တွင် ရေမြောင်းများထည့်သွင်းတည်ဆောက်ရန်၊ အနေးယာဉ်များသွားလာနိုင်ရေး လမ်းကြောင်းသတ်မှတ်ပေးရန်၊ လမ်းညွှန်အမှတ်အသားများ ပြည့်စုံစွာထည့်သွင်းဆောင်ရွက်ရန်နှင့် လမ်းဆုံနေရာတွင် မီးပွိုင့်တပ်ဆင်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျောင်းသား ကျောင်းသူများ မီဒီယာလေ့လာမှုပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၄

အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ် (Global Media and Information Literacy Week 2023) လှုပ်ရှားမှုအဖြစ် နေပြည်တော် တပ်ကုန်းမြို့နယ် (ရွှေမြို့) အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၅ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လာရောက်ကြည့်ရှုလေ့လာကြသည်။



ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် လေ့လာရေးအဖွဲ့များအား MRTV မှ ဝန်ထမ်းများက ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့သည် MRTV News Channel Studio တွင် သတင်းရိုက်ကူးနေမှုများကို ကြည့်ရှုလေ့လာကြပြီး မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရာ၌ အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများအား ကြည့်ရှုလေ့လာကြပြီး မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ဖြည့်စွက်မှုများအပေါ် စိစစ်၍ ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကို လာရောက်လေ့လာကြရာ သတင်းစာများ၏ သမိုင်းကြောင်းနှင့် သတင်းစာထုတ်လုပ်ဖြန့်ချိ ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ နေ့စဉ်ရိုက်နှိပ်ထုတ်ဝေလျက်ရှိသော ပုံနှိပ်စက်ခန်းနှင့် ကြေးမုံသတင်းစာတိုက် သတင်းခန်း(ဝဲပုံ)တို့တွင် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံကို လာရောက်ကြည့်ရှုလေ့လာကြရာ စက်ရုံ၏ သမိုင်းအကျဉ်းနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ်အဖြစ် နှစ်စဉ်အောက်တိုဘာလ၏ စတုတ္ထပတ်ကို UNESCO (ယူနက်စကို)က ဦးဆောင်သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်းတွင် ကျင်းပခဲ့ကြရာ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၈ ခုနှစ်မှစ၍ ပါဝင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **သတင်းစဉ်**

❂ ကျောဖုံးမှ

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဟမွန်း"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သော်လည်း မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့သည် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း"၏ အဝန်းအဝိုင်းအတွင်းသို့ ကျရောက်နေပါသဖြင့် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟမွန်း"၏ သက်ရောက်မှုကို ခံစားရနိုင်သည်။

**တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း" သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၂၀ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၈၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅ မိုင်မှ မိုင် ၈၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း" သည် အရှေ့မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် သုံးနာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း"အဖြစ်သို့ အားလျော့သွားနိုင်ကာ နောက် ၁၂ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စစ်တကောင်းမြို့တောင်ဘက်အနီးမှ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့် ဖြတ်ကျော်နိုင်ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း"၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် နေပြည်တော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း" ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



# အေးချမ်းပျော်ရွှင်စရာ ဘဝများဖြင့် . . .

သိန်းထွန်း (IR)



### စိတ်အရည်အသွေး

လူတစ်ယောက်ရဲ့ စိတ်ခံစားမှုအရည်အသွေးတွေထဲက အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုကိုပြပါဆိုရင် ကိုယ်ချင်းစာမှုကိုပြချင်ပါတယ်။ လူတစ်ယောက်ရဲ့ ကိုယ်ချင်းစာစိတ်ကြောင့်ဖြစ်လာတဲ့ ကိုယ်နဲ့ယှဉ်တဲ့ စိတ်သဘောထား၊ စဉ်းစားတွေးခေါ်မှု၊ ရှုမြင်မှု၊ အပြောအဆို၊ အပြုအမူတွေနဲ့ တုံ့ပြန်မှုတွေဟာ အဲဒီလူရဲ့အဆင့်အတန်း၊ ကိုယ်ရည်ကိုယ်သွေးနဲ့ စိတ်နေသဘောထားမြင့်မားမှုတွေကို ညွှန်ပြနေပါတယ်။ ကိုယ်ချင်းစာတရားကို ပညာ၊ ရာထူး၊ ငွေကြေးပိုင်ဆိုင်မှု၊ ဂုဏ်၊ ဒြပ်တွေနဲ့ တိုင်းတာလို့မရပါဘူး။ အဲဒီကိုယ်ချင်းစာစိတ်ထားရှိနိုင်မှုဟာ လူသားဆန်မှုရဲ့လက္ခဏာတစ်ခုလို့ ဆိုနိုင်ပါတယ်။

ကိုယ်ချင်းစာစိတ်ထားနိုင်တဲ့သူ၊ စိတ်အရည်အသွေးမြင့်မားတဲ့သူတွေဟာ ကိုယ့်ကြောင့်သူတစ်ပါးထိခိုက်နစ်နာသွားမှာ မလိုလားဘူး၊ ကိုယ်ခံစားရသလို သူတစ်ပါးကို မထိခိုက် မခံစားစေလိုဘူး၊ သူတစ်ပါး ထိခိုက်ခံစားရတာကို စာနာနားလည်ပေးနိုင်ကြတယ်။ အခြားသူရဲ့နေရာကို ဝင်ခံစားပေးတတ်ကြပါတယ်။ ကိုယ်ခံစားရသလို အခြားသူမခံစားစေချင်တာ၊ ကိုယ်ဒုက္ခရောက်သလို သူတစ်ပါးဒုက္ခမရောက်စေလိုတာ၊ အဲဒီလိုပဲ သူတစ်ပါး ဒုက္ခရောက်နေတာမြင်ရင်လည်း ကိုယ်တိုင်ခံစားရသလို တုံ့ပြန်တတ်ကြတာက ကိုယ်ချင်းစာတရားပါပဲ။ ကိုယ်နဲ့ယှဉ်တဲ့စိတ်ထားဖြစ်လို့ မွန်မြတ်လှပါတယ်။ ဒါကြောင့် ကိုယ်ချင်းစာမှုက ကမ္ဘာကြီးကို ပိုမိုကောင်းမွန်စေတယ်လို့ အမေရိကန်စာရေးဆရာ Daniel H. Pink ပြောခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဒ့ါအပြင် လူတစ်ဦးချင်းစီရဲ့ အရည်အသွေးနဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အရည်အသွေးကို မြှင့်တင်ဖို့အတွက် ကိုယ်ချင်းစာစိတ်ဟာ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ ကိုယ်ချင်းစာစိတ်နဲ့ ကိုယ့်ရဲ့ကိုယ်ပိုင်ဘဝ၊ လုပ်ငန်းခွင်နဲ့ လူမှုပတ်ဝန်းကျင်အားလုံးမှာ ကောင်းမွန်တဲ့ဆက်ဆံရေးကို တိုးတက်ခိုင်မာစေနိုင်ပါတယ်။ ကိုယ်ချင်းစာစိတ်နဲ့ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီမှု၊ ဖေးမမှု၊ စာနာနားလည်မှုတွေရှိကြမယ်ဆိုရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားထွန်းကားတဲ့ လူ့အသိုက်အဝန်းဖြစ်လာမှာပါ။

> **ဒီကနေ့ လူသားတွေရဲ့ အရည်အသွေးတိုင်းတာရာမှာ EQ ဟာ အရေးပါတဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတစ်ခုဖြစ်ပါတယ်။ EQ ဟာ လူတစ်ဦးရဲ့ စိတ်ခံစားချက်တွေကို အပြုသဘောနည်းလမ်းတွေနဲ့ အသိအမှတ်ပြုမှု၊ နားလည်မှု၊ အသုံးချနိုင်မှုနဲ့ စီမံခန့်ခွဲနိုင်တဲ့စွမ်းရည်ဖြစ်ပါတယ်။ EQ မှာ ပါဝင်တဲ့ အဓိကအစိတ်အပိုင်းတွေထဲမှာ ကိုယ်ချင်းစာမှု၊ လူမှုရေးဆိုင်ရာ ကျွမ်းကျင်မှု၊ မိမိကိုယ်မိမိ သိရှိနားလည်မှု၊ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်မှုနဲ့ စိတ်ခွန်အားမြှင့်တင်မှုတို့ ပါဝင်ပါတယ်။ ဒါကြောင့် EQ မြင့်တဲ့သူတွေဟာ ကိုယ်ချင်းစာစိတ်ရှိတဲ့သူတွေဖြစ်ကြပါတယ်။ သူတို့ဟာ အခြားသူတွေရဲ့ ခံစားချက်တွေကို နားလည်နိုင်ပြီး မျှဝေခံစားနိုင်ကြပါတယ်။ ဒ့ါအပြင် ကိုယ်ချင်းစာစိတ်ဟာ လူမှုရေးကျွမ်းကျင်မှုရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အတွက် သူတို့မှာ ထိရောက်တဲ့ ဆက်ဆံရေးစွမ်းရည်၊ ရေရှည်ဆက်ဆံရေး ထိန်းသိမ်းမှုနဲ့ ပြဿနာဖြေရှင်းတဲ့ စွမ်းရည်တွေရှိကြ**

### နှလုံးသားဖွင့်တဲ့သော့

ကိုယ်ချင်းစာစိတ်ဆိုတာကို ကိုယ့်ပတ်ဝန်းကျင်မှာ တွေ့ကြုံဖူးကြမှာပါ။ ကိုယ်ချင်းစာစိတ်ရှိတဲ့သူတွေက အခြားသူတွေခံစားနေရတာတွေကို နားလည်ပေးကြတယ်၊ အခြားသူတွေရဲ့ ရှုထောင့်ကနေ စဉ်းစားပေးကြတယ်၊ အခြားသူတွေနေရာကနေ ကိုယ့်ကိုယ်ကိုယ်ထားပြီး ခံစားပေးကြတယ်။ အခြားသူနေရာမှာ ကိုယ့်ကိုယ်ကိုယ်ထားပြီး သူတို့တွေ့ကြုံခံစားနေရတာကို မျှဝေခံစားနားလည်ပေးကြတာကို မြင်ရ၊ ကြားရသူတွေအတွက် စိတ်ချမ်းမြေ့စရာဖြစ်ပါတယ်။ အဲဒီကိုယ်ချင်းစာစိတ်နဲ့ ဆန့်ကျင်ဘက်ကတော့ လူလူချင်း ခေါင်းပုံဖြတ်ခြင်း၊ ငါ့ဖို့တစ်ခုတည်းကြည့်ခြင်းဆိုတဲ့ မတော်လောဘနဲ့ အတ္တတွေဖြစ်ပါတယ်။ လူဆိုတာကတော့ အတ္တရှိသူတွေချည်းပါပဲ။ အနည်းနဲ့အများတော့ မတူပါဘူး။ လူတိုင်းက ကိုယ့်အတ္တ၊ ကိုယ့်လိုဘအတွက် အလုပ်လုပ်ကြ၊ စီးပွားရှာကြ၊ တိုးတက်အောင်မြင်ဖို့ ကြိုးစားကြတာ ခမ္မတာပါ။

ဒါပေမဲ့ ကိုယ့်အတ္တတစ်ခုတည်းကိုပဲ လွန်လွန်ကဲကဲ ထိပ်တန်းတင်ထားပြီး ဘယ်သူတွေဘာဖြစ်ဖြစ် ငါလုပ်ချင်တာလုပ်မယ်၊ ငါလိုချင်တာရအောင်ယူမယ်၊ ငါလိုချင်တာရရင်ပြီးရောဆိုတဲ့ အတ္တတရားတွေ လွှမ်းမိုးလာတဲ့အခါ မေတ္တာကင်းမဲ့တဲ့ လူ့ပတ်ဝန်းကျင်၊ ကိုယ်ချင်းစာတရားကင်းမဲ့တဲ့ လူ့ပတ်ဝန်းကျင် ဖြစ်လာပါတယ်။ အတ္တနဲ့လောဘ လွန်ကဲလာတဲ့အတွက် သူတစ်ပါးကို မျှဝေခံစားမပေးနိုင်တော့ပါဘူး။ သူတစ်ပါးအပေါ် ကိုယ်ချင်းမစာကြတော့ပါဘူး။ ဗုဒ္ဓတရားတော်မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုပြီး မဂ္ဂင် (၈)ပါး ရှိပါတယ်။ ဒါဟာ သူ့အကျိုး၊ ကိုယ့်အကျိုး နှစ်ဖက်မျှတအောင် ကြည့်တတ်၊ မြင်တတ်၊ စဉ်းစားတတ်၊ ခံစားတတ်စေဖို့ ဖြစ်ပါတယ်။ ကိုယ်ချင်းစာတရားကင်းမဲ့ပြီး အတ္တစိတ်တွေနဲ့ ပြုမူဆက်ဆံနေကြတာဟာ အခြားသူတွေကို နာကျင်ခံစားရစေပါတယ်။ အမေရိကန်နိုင်ငံသားအခွင့်အရေး တက်ကြွလှုပ်ရှားသူ Maya Angelou က **“ကျွန်တော်လေ့လာသိရှိထားတာက လူတွေဟာ သင်ပြောခဲ့တာတွေ၊ လုပ်ခဲ့တာတွေကို မေ့သွားလိမ့်မယ်၊ ဒါပေမဲ့ သူတို့ခံစားရအောင် သင်ဘယ်လိုလုပ်ခဲ့တယ်ဆိုတာကိုတော့ သူတို့ ဘယ်တော့မှမေ့မှာမဟုတ်ဘူး”**လို့ ပြောခဲ့တာဟာ ဆင်ခြင်စရာပါပဲ။

မျှတတဲ့ဝန်းကျင်၊ မျှတတဲ့ဆက်ဆံရေးဖြစ်ဖို့ဆိုရင် သူ့ဘက်၊ ကိုယ့်ဘက်ကြည့်တတ်တဲ့ နှစ်ဖက်မြင်သူဖြစ်မှ မျှတမှုရှိပါလိမ့်မယ်။ လူတိုင်းက ကိုယ့်အပေါ်ကို အလေးထားတာကို နှစ်သက်ကြပါတယ်။ ကိုယ့်အပေါ် အလေးထားဂရုစိုက်တာကို လူတွေမှ သဘောကျတာမဟုတ်ပါဘူး၊ တိရစ္ဆာန်တွေတောင်မှ သဘောကျကြပါတယ်။ ကိုယ့်ကို အလေးထားတာကို နှစ်သက်ရင် အခြားသူတွေလည်း သူတို့အပေါ် စာနာအလေးထားတာကို နှစ်သက်ကြမှာပါပဲ။ အဲဒီလို စာနာနားလည်ပေးဖို့ဆိုရင် ကိုယ်ချင်းစာစိတ်ရှိမှဖြစ်ပါလိမ့်မယ်။ ဒါဟာ တစ်ဦးနဲ့တစ်ဦး လူသားဆန်တဲ့စိတ်ထားနဲ့ အပြုအမူလို့ဆိုနိုင်သလို ယဉ်ကျေးတဲ့လူ့စရိုက်လက္ခဏာလို့လည်း ဆိုနိုင်ပါတယ်။ ဒီလိုယဉ်ကျေးတဲ့ လူ့စရိုက်လက္ခဏာတွေ အပြန်အလှန်အပေးအယူမျှတဖို့ လိုပါတယ်။

မြန်မာစကားမှာ တစ်ဦးကမေတ္တာ တစ်ဦးကစေတနာဆိုတာလိုပါပဲ။ ကိုယ်ချင်းစာစိတ်ဟာ အခြားသူတွေရဲ့ နှလုံးသားကိုဖွင့်တဲ့ ရွှေသော့ဖြစ်တယ်လို့ Samuel Smiles က ပြောဖူးပါတယ်။ ယဉ်ကျေးတဲ့စရိုက်လက္ခဏာတွေအစား လူတိုင်းက ကိုယ့်ရဲ့ လောဘနဲ့အတ္တတွေကိုပဲ ထိပ်တန်းတင်ထားကြရင် အခြားသူတွေရဲ့နှလုံးသားကိုဖွင့်ဖို့ထက် နာကျင်မှုတွေပဲဖြစ်လာမှာပါ။

### နည်းပညာခေတ်

၂၀၁၉ ခုနှစ် ကမ္ဘာ့ဘေးအန္တရာယ်ဆိုင်ရာ အစီရင်ခံစာမှာ နည်းပညာတွေက ကမ္ဘာကြီးကို ပိုပြီးစိတ်သောကရောက်စေတယ်၊ ထိတွေ့မှုတွေနည်းစေတယ်၊ ပျော်ရွှင်မှုတွေနည်းစေတယ်၊ အထူးသဖြင့် ဒီကနေ့မျိုးဆက်တွေမှာ အထီးကျန်ဆန်တဲ့သူတွေ တိုးလာနေတာဟာ တကယ်ပဲ နည်းပညာကြောင့်လားလို့ မေးခွန်းထုတ်ပါတယ်။ ဒီမေးခွန်းဟာ မှန်တယ်၊ မှားတယ်ဆိုတာ ယတိပြတ်ဖြေဖို့ ခက်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကိုယ်ချင်းစာတရားကင်းမဲ့အောင်၊ အထီးကျန်ဆန်အောင် နည်းပညာနဲ့နည်းပညာပစ္စည်းတွေကို ထုတ်လုပ်ထားတာမဟုတ်လို့ပါပဲ။ သုံးစွဲသူတွေက နည်းပညာတွေကို ဘယ်လိုသုံးစွဲသလဲဆိုတဲ့ အခြေအနေအပေါ်မှာ မူတည်ပြီး ဖြစ်လာတဲ့ အကျိုးဆက်တစ်ခုသာဖြစ်ပါတယ်။ လိုအပ်တာထက် အလွန်အကျွံ သုံးစွဲမယ်၊ မိမိကိုယ်ကို ထိခိုက်နိုင်လောက်တဲ့အထိ သုံးစွဲမယ်ဆိုရင် ဘေးထွက်ဆိုးကျိုးတွေကတော့ ရှိလာမှာသေချာပါတယ်။

နည်းပညာနဲ့နည်းပညာပစ္စည်းတွေက ဒီကနေ့ခေတ်ရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့အတွက် နည်းပညာမရှိရင် နေထိုင်၊ လုပ်ကိုင်ဖို့တောင် ခက်ခဲနေပါပြီ။ နည်းပညာက လူသားတွေ ရှင်သန်ရပ်တည်ရေးကို နည်းလမ်းပေါင်းစုံနဲ့ လွယ်ကူစေရုံသာမက ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အခြေခံလိုအပ်ချက်လည်းဖြစ်ပါတယ်။ လူတွေကြောင့် နည်းပညာတွေတိုးတက်လာတယ်၊ အဲဒီနည်းပညာကြောင့်လည်း လူသားတွေ ပိုပြီးမြန်မြန်ဆန်ဆန် တိုးတက်စေပါတယ်။ နည်းပညာတိုးတက်တာနဲ့အတူ တစ်ဖက်မှာ နည်းပညာနဲ့ နည်းပညာပစ္စည်းတွေကို မရှိမဖြစ်အသုံးပြုရာကနေ အတိုင်းအဆမဲ့ အသုံးပြုလာကြပါတယ်။ လူသားက နည်းပညာကို ကြိုးကိုင်ရမယ့်အစား နည်းပညာက လူသားကို ကြိုးကိုင်ခြယ်လှယ်လာတဲ့အခါ လူသားက နည်းပညာရဲ့သားကောင်ဖြစ်သွားပါတယ်။ အဲဒါရဲ့ ဘေးထွက်ဆိုးကျိုးတွေမှာ သိသာမြင်သာတွေရှိသလို မသိမသာနဲ့ဖြစ်နေတဲ့ ဆိုးကျိုးတွေလည်းရှိပါတယ်။ အဲဒီထဲမှာ ကျန်းမာရေး၊ လူမှုဆက်ဆံရေး၊ အထီးကျန်ဆန်မှုနဲ့ စိတ်ပိုင်းဆိုင်ရာထိခိုက်တာတွေ ပါပါတယ်။ ဒီဆိုးကျိုးတွေအတွက် နည်းပညာတွေကို ယိုးမယ်ဖွဲ့လို့မရသလို နည်းပညာတွေကို ပစ်ပယ်လို့လည်းမရပါဘူး။ ဘာကြောင့်လဲဆိုတော့ နည်းပညာတွေက လူသားတွေအတွက် ဆက်လက်လိုအပ်နေဦးမှာမို့လို့ပါပဲ။

### ကိုယ်ချင်းစာတရားလျော့ပါးလာနေ

အစစအရာရာ တိုးတက်ပါတယ်ဆိုတဲ့ ခေတ်ကြီးမှာ ကိုယ်ချင်းစာတရားတွေ လျော့ကျနေတယ်လို့ ဆိုပါတယ်။ ဒီကနေ့ခေတ်ကြီးကို ဒေါသခေတ်လို့ ကင်ပွန်းတပ်တာလည်း တွေ့ရပါတယ်။ နည်းပညာတွေတိုးတက်လာပြီးနောက် လုပ်ငန်းခွင်နဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ယခင်ကမရှိဖူးတဲ့ အခွင့်အလမ်းတွေ တိုးတက်လာပေမယ့် တစ်ဖက်မှာ အထီးကျန်ဆန်မှုနဲ့ အစွန်းရောက်မှု မြင့်တက်လာပြီး ကိုယ်ချင်းစာတရားမှာ လျော့ကျလာနေတယ်လို့ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဘေးအန္တရာယ်ဆိုင်ရာ အစီရင်ခံစာက ဆိုပါတယ်။ ဒါကြောင့် ဒေါသတွေ လွှမ်းမိုးနေတဲ့ခေတ်မှာ လူသားချင်းစာနာမှု ကျဆင်းလာတဲ့အတွက် ကမ္ဘာလုံးဆိုင်ရာအန္တရာယ်တွေကို ဖန်တီးနေကြတယ်လို့ဆိုပါတယ်။

တိုးတက်နေတဲ့ခေတ်မှာ လူသားတွေမှာ လိုအပ်ချက်တွေ အရင်ကထက် ပိုများလာတယ်။ လိုချင်တာတွေရဖို့ ကိုယ်ကျိုးစီးပွားတွေ ထိပ်တန်းတင်လာကြတယ်။ လောဘနဲ့ အတ္တတွေ များလာကြတယ်။ ရုပ်ဝတ္ထုတိုးတက်မှုတွေနောက်လိုက်ရင်းနဲ့ လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတွေ တဖြည်းဖြည်း ထိခိုက်လာနေတယ်။ နည်းပညာတွေကြောင့် လူသားတွေမှာ ကိုယ်ချင်းစာစိတ်တွေ ကျဆင်းလာတယ်လို့ သတ္တုချ မပြောနိုင်ပေမယ့် တစ်စိတ်တစ်ပိုင်းအားဖြင့် ဆက်နွှယ်နေပါတယ်။ ဂိမ်းတွေ အလွန်အကျွံ အသုံးပြုနေတာ၊ လူမှုကွန်ရက်တွေမှာ အကျိုးမဲ့အချိန်ကုန်နေတာ စတဲ့ လွဲမှားတဲ့အသုံးပြုတာတွေကြောင့် လူတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်စေပါတယ်။ ဘယ်အရာမဆို သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေးဆိုတာ သတိချပ်စရာပါ။

စာမျက်နှာ ၁၈ သို့ ✣

# မန္တလေးမြို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးမြို့ နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရတနာပုံဥယျာဉ်တွင်ပြုလုပ်မည့်မြန်မာ့ရိုးရာသီတင်းကျွတ် မီးထွန်းပွဲတော်ကို ပြည်သူများပျော်ရွှင်စွာပါဝင်ဆင်နွှဲ စည်ကားသိုက်မြိုက်စွာ ကျင်းပရေး (ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက ကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆောက်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါကြောင်း၊ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လေးစားလိုက်နာပြီး စိစစ်ကြပ်မတ်ကာ ထိရောက်စွာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏မူဝါဒများ၊ မျှော်မှန်းချက်များနှင့် ရည်ရွယ်ချက်များ အောင်မြင်အောင်ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ယခင်ထက် ပိုမိုတိုးမြှင့် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ ကြုံတွေ့နေရသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ဖူလ်ဟမ်အသင်းမှ**

အခုပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ စပါးအသင်းရဲ့ အိမ်ကွင်း ဖွင့်လှစ်ခဲ့တဲ့ ၂၀၁၉ ခုနှစ် ဧပြီလနောက်ပိုင်း ပြိုင်ပွဲအရပ်ရပ် အိမ်ကွင်း သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ်ကိုးပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၁၁ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၁၃ နေရာမှာ ရပ်တည်ခွင့်ရရှိနေတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# ထိုင်းနိုင်ငံ၌ ကျင်းပမည့် ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက် အားကစားအဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၄**

အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် 14th Singha Thailand Junior World Golf Championships 2023 ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်ကိုကိုချစ် (ဒုဥက္ကဋ္ဌ၊ မျိုးဆက်သစ်လူငယ် ဂေါက်သီးကစားသမားများ ဆပ်ကော်မတီ)၊ နည်းပြအဖြစ် ဦးမင်းစစ်သွေး၊ အားကစားသမားများအဖြစ် Junior Golf Myanmar (JGM) မှ ထွန်းသူရိန်၊ အောင်သန်းထွဋ်၊ ရဲမင်းသန့်၊ နိုင်ဦးကို၊ လင်းထက်ညီ၊ ဆုနှင်းဖြူ၊ ချိုသာအောင်၊ ဆုလာဘ်အောင်နှင့် နန်းဆိုင်အွမ်ငင်းတို့သည် သက်တမ်းအလိုက် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ်သည် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိသည်။



**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MGF**

✣ **စာမျက်နှာ ၁၇ မှ**

နည်းပညာတွေက ကမ္ဘာကြီးကို ရွာကြီးတစ်ရွာလို တစ်နေရာနဲ့တစ်နေရာ၊ တစ်ဦးနဲ့တစ်ဦး နီးကပ်စေတာမှန်ပေမယ့် အဲဒီနီးကပ်လာမှုတွေဟာ ဖုန်းကတစ်ဆင့် ဒါမှမဟုတ် အင်တာနက်ကတစ်ဆင့် နီးကပ်မှုပဲဖြစ်ပါတယ်။ လူချင်းတွေ့ဆုံကြတာလို စစ်မှန်တဲ့ ရင်းနှီးမှု၊ နွေးထွေးမှု၊ ပွင့်လင်းမှု၊ စိတ်ခံစားမှု၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုတို့မရှိပါဘူး။ အလုပ်သဘောဆန်တာ၊ ဝတ်ကျေတန်းကျေသဘောဆန်တာအပြင် ဟန်ဆောင်ဖုံးကွယ်တာတွေကိုလည်း တွေ့ရပါတယ်။ တစ်ဦးချင်းအနေနဲ့လည်း နည်းပညာပစ္စည်းတွေနဲ့ပဲ တစ်နေကုန်တစ်နေခန်း ဖြုတ်သန်းကြတဲ့အခါ အထီးကျန်ဆန်မှု ပိုများလာပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ လူချင်းတွေ့ဆုံမှုနည်းပါးပြီး လူမှုကျင့်ဝတ်နဲ့ စိတ်ခံစားမှု အရည်အသွေးတွေ ကျဆင်းလာပါတယ်။

**EQ နှင့် ကိုယ်ချင်းစာစိတ်**

ဒီကနေ့ လူသားတွေရဲ့ အရည်အသွေး တိုင်းတာရာမှာ EQ ဟာ အရေးပါတဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတစ်ခုဖြစ်ပါတယ်။ EQ ဟာ လူတစ်ဦးရဲ့ စိတ်ခံစားချက်တွေကို အပြုသဘောနည်းလမ်းတွေနဲ့ အသိအမှတ်ပြုမှု၊ နားလည်မှု၊ အသုံးချနိုင်မှုနဲ့ စီမံခန့်ခွဲနိုင်တဲ့စွမ်းရည်ဖြစ်ပါတယ်။ EQ မှာပါဝင်တဲ့ အဓိကအစိတ်အပိုင်းတွေထဲမှာ ကိုယ်ချင်းစာမှု၊ လူမှုရေးဆိုင်ရာ ကျွမ်းကျင်မှု၊ မိမိကိုယ်မိမိ သိရှိနားလည်မှု၊ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်မှုနဲ့ စိတ်ခွန်အားမြှင့်တင်မှုတို့ ပါဝင်ပါတယ်။ ဒါကြောင့် EQ မြင့်တဲ့သူတွေဟာ ကိုယ်ချင်းစာစိတ်ရှိတဲ့သူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ အခြားသူတွေရဲ့ ခံစားချက်တွေကို နားလည်နိုင်ပြီး မျှဝေခံစားနိုင်ကြပါတယ်။ ဒါ့အပြင် ကိုယ်ချင်းစာစိတ်ဟာ လူမှုရေးကျွမ်းကျင်မှုရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် သူတို့မှာ ထိရောက်တဲ့ ဆက်ဆံရေးစွမ်းရည်၊ ရေရှည်ဆက်ဆံရေး ထိန်းသိမ်းမှုနဲ့ ပြဿနာဖြေရှင်းတဲ့ စွမ်းရည်တွေရှိကြပါတယ်။

Catalyst အဖွဲ့ကြီးရဲ့ လေ့လာမှုတစ်ခုအရဆိုရင် စာနာနားလည်မှုရှိတဲ့ ဦးဆောင်မှု (Empathic leadership) ကို ပြုစုပျိုးထောင်တဲ့ကုမ္ပဏီတွေမှာ လုပ်ငန်းခွင် အခက်အခဲ အကျပ်အတည်းတွေကို တုံ့ပြန်ဖို့နဲ့ အဖွဲ့တွေကို စီမံခန့်ခွဲဖို့အတွက် ထိရောက်တဲ့ နည်းလမ်းတစ်ခုဖြစ်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကိုယ်ချင်းစာစိတ်ဟာ လုပ်ငန်းခွင်အတွင်း ဆွဲဆောင်မှု၊ ကုန်ထုတ်စွမ်းအားနဲ့ ထိတွေ့ဆက်ဆံမှုတွေကို တိုးတက်စေပြီး လုပ်ငန်းခွင်အတွင်း အားလုံးပါဝင်တဲ့ ယဉ်ကျေးမှုတစ်ရပ်ဖန်တီးဖို့အတွက် အရေးပါတဲ့ အနာဂတ်ကျွမ်းကျင်မှုတစ်ခုဖြစ်တယ်လို့လည်း ဆိုပါတယ်။

**ဟန်ချက်ညီတိုးတက်မှု**

ဒစ်ဂျစ်တယ်ခေတ် လူမှုဆက်ဆံရေးပုံစံတွေက ယခင်ခေတ်ကပုံစံနဲ့ မတူကြတော့ပါဘူး။ အွန်လိုင်းပေါ်ကနေ နည်းလမ်းပေါင်းစုံနဲ့ ထိုင်ရာမထ အချိန်မရွေး ဆက်သွယ်လို့ရနေတာကြောင့် လူတွေက အဲဒီအပေါ်မှာ ပိုအားထားကြပါတယ်။ အားထားနိုင်လောက်တဲ့ မြန်ဆန်မှု၊ တိကျမှု၊ လွယ်ကူမှု၊ ကုန်ကျစရိတ် လျှော့ချနိုင်မှု စတဲ့ကောင်းကျိုးတွေ အများကြီးရှိပါတယ်။ လောကကြီးကို ရုပ်တစ်ခုတည်းနဲ့ တည်ဆောက်ထားတာမဟုတ်ပါဘူး။ စိတ်သဘောထားတွေ၊ အရည်အသွေးတွေ၊ ခံစားချက်တွေ၊ အယူအဆတွေလည်း ပါဝင်ပါတယ်။

ဒီတော့ တိုးတက်မှုဆိုရာမှာ ရုပ်ပိုင်း၊ စိတ်ပိုင်း ဟန်ချက်ညီတိုးတက်မှ လူသားတွေမျှော်မှန်းတဲ့ တိုးတက်ပြီး ငြိမ်းချမ်းတဲ့ကမ္ဘာကြီး တည်ဆောက်နိုင်မှာပါ။ နည်းပညာနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ တိုးတက်လာပေမယ့် တစ်ဖက်မှာ စိတ်ရဲ့အရည်အသွေးတွေ မြင့်တက်မလာဘူးဆိုရင် ဟန်ချက်မညီဘဲ လောကရဲ့ အေးချမ်းမှု၊ ငြိမ်းချမ်းမှုနဲ့ မေတ္တာတရားတွေ အားနည်းနေပါလိမ့်မယ်။ ဒီကနေ့ လူသားတွေမှာ ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်လာပေမယ့် တစ်ဖက်မှာ ပဋိပက္ခတွေ၊ တင်းမာမှုတွေ ပိုပြီးဖြစ်ပွားနေတာက ဟန်ချက်ညီတိုးတက်မှုလို့ မဆိုနိုင်ပါဘူး။

**အေးချမ်းပျော်ရွှင်စရာဘဝများတည်ဆောက်**

ကိုယ်ချင်းစာစိတ်ဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် မွေးရာပါဗီဇနဲ့ဆိုင်သလို တစ်စိတ်တစ်ပိုင်းကတော့ လေ့လာသင်ယူတာနဲ့ဆိုင်တယ်လို့ လေ့လာမှုတွေက ဆိုပါတယ်။ ကိုယ်ချင်းစာစိတ် ပြုစုပျိုးထောင်ရာမှာ လေ့ကျင့်ယူရမှာတွေရှိပေမယ့် လက်တွေ့မှာတော့ ကိုယ့်ရဲ့ပင်ကိုစိတ်ရင်းမှာကိုက သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ရှိတဲ့သူက သူ့ရဲ့ဗီဇနဲ့ အကျင့်စရိုက်မှာကို ပါလာပြီးသားပါ။ ပင်ကိုဗီဇမှာ ကိုယ်ချင်းစာစိတ်ပါလာတဲ့သူဟာ အယုတ်အလတ်အမြတ်မရွေး၊ လူ၊ တိရစ္ဆာန် မခွဲခြားဘဲ သူတို့ရဲ့ အတွေး၊အမြင်၊အပြောအဆိုနဲ့ အပြုအမူတွေအားလုံးမှာ ကိုယ်ချင်းစာမှုတွေ ပါဝင်နေပါတယ်။ သူတို့ရှေ့မှာ အခြားသူတစ်ဦး ဒုက္ခရောက်နေရင်၊ အခက်အခဲတွေနဲ့ တွေ့နေရင် သူတို့ဟာ မျက်ကွယ်ပြုမနေတတ်ကြဘူး။ တတ်နိုင်သမျှ မျှဝေခံစားဖို့၊ ကူညီဖေးမဖို့ ဝန်မလေးကြဘူး။ ကိုယ်ချင်းစာစိတ်နဲ့ အဲဒီလိုကူညီလိုက်တာဟာ အကျိုးလိုလို့ ညောင်ရေလောင်းတာမဟုတ်ပါဘူး။ ကိုယ်ချင်းစာမှုနဲ့ မေတ္တာသက်သက်ပါ။ မွေးရာပါ ကိုယ်ချင်းစာစိတ်လို့ဆိုရမှာပါ။

ဒါပေမဲ့လည်း ကိုယ်ချင်းစာစိတ်အပြည့်မရှိရင်တောင် ကိုယ်ချင်းစာစိတ် ဓာတ်ခံလေးရှိရင်တော့ လေ့ကျင့်ယူလို့ရပါတယ်။ အခြားသူတွေနဲ့ စကားပြောဆိုရာမှာ ဂရုတစိုက်နားထောင်တာ၊ အခြားသူအပေါ် လေးစားမှုပြသတာ၊ ခံစားချက်တွေ မျှဝေဖို့စိတ်ကိုဖွင့်ထားတာ၊ အခြားသူတွေအပေါ် မေတ္တာထားတာနဲ့ နားလည်နိုင်ဖို့ကြိုးစားတာဆိုတာတွေကို တဖြည်းဖြည်း လေ့ကျင့်ယူနိုင်ပါတယ်။ ဒါပေမဲ့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ချမှတ်ခဲ့သလိုပါပဲ၊ စိတ်ကောင်းရှိဖို့ ပထမလိုပါတယ်။ ဒါမှ အပြုသဘောအတွေးအမြင်နဲ့ လုပ်ရပ်တွေ ဖြစ်လာပါလိမ့်မယ်။ အပြုသဘောအတွေးအမြင်ရှိမှ ကိုယ်ချင်းစာစိတ်ကို မွေးနိုင်မှာပါ။

အဲဒီကိုယ်ချင်းစာတရားဟာ ငွေကြေးတန်ဖိုးအားဖြင့် မမြင့်မားပေမယ့် လူသားတန်ဖိုးအားဖြင့် မြင့်မားပါတယ်။ ဒီလိုအရည်အသွေးတွေဟာ အခြားသူတွေအပေါ်ကို နားလည်မှု၊ ဖြေသိမ့်မှု၊ ရိုင်းပင်းမှု၊ လေးစားမှုတွေ အပြုသဘောပေးတဲ့အတွက် ကိုယ်တိုင်အတွက်ရော ကိုယ့်ပတ်ဝန်းကျင်ကိုပါ ပျော်ရွှင်မှု၊ ကြည်နူးမှုနဲ့ အေးချမ်းမှုတွေ မျှဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ။

**ကိုးကား**

၁။ Patricia Pouncey, Empathy and Emotional Intelligence: Understanding the Connection, March 20, 2023

၂။ The Global Risks Report 2019

၃။ https://www.catalyst.org/solution/leading-with-empathy-knowledge-burst/

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၃-၁၀-၂၀၂၃ ရက်မှအဆက်

"အဲ၊ ဒီနေရာမှာ လူနဲ့စနစ်ကို ခွဲခြားကြည့်ရမယ်။ ထန်းပိုင်ရှင်ဆိုတဲ့ လူတွေကို သုတ်သင်ရှင်းလင်းပစ်ရမှာ မဟုတ်ပါဘူး။ ထန်းပိုင်ရှင်ဆိုတဲ့လူတွေ ကျင့်သုံးနေတဲ့ ဘာမှမလုပ်မကိုင်ဘဲနဲ့ ငွေရင်းလည်း တစ်ပြားသားမှမစိုက်ရဘဲနဲ့ အချောင်နေလိုတဲ့ ခေါင်းပုံဖြတ်ထန်းလှည့်စနစ်ကိုသာ အပြီးအပိုင် သုတ်သင်ရှင်းလင်းပစ်ရမှာပါ။ ချေမှုန်းပစ်ရမှာပါ။ လူတွေကို ချေမှုန်းသုတ်သင်ပစ်ရမှာ မဟုတ်ပါဘူး။ လူတွေကို မုန်းစရာလည်း မလိုပါဘူး။ သုတ်သင်ပစ်စရာလည်း မလိုဘူး။ တကယ်တိုက်ရမယ့် အဓိကတိုက်ကွင်းကမူ စနစ်ကိုသာ တိုက်ပစ်ရမှာပါ။

"ဒါကြောင့်မို့ ကျွန်တော်တို့ထန်းသမားတွေဟာ လာမယ့် ထဖိုဦး ထန်းပေါ်ချိန်ကစပြီး ကျွန်တော်တို့ စုပေါင်းထန်းလုပ်ငန်းအဖွဲ့က လက်ရှိတက်နေတဲ့ ထန်းတောတွေရဲ့ ထန်းပိုင်ရှင်တွေကို ထန်းစု (သီးစားခ) မပေးတော့ပါဘူး။

"ဒီနေရာမှာ ဘာကြောင့် ကျွန်တော်တို့က ဒီလို အခိုင်အမာပြောနေရသလဲဆိုတော့ ၁၉၆၅ ခုနှစ် ဧပြီလ ၅ ရက်နေ့စွဲနဲ့ ပြဋ္ဌာန်းကြေညာလိုက်တဲ့ တော်လှန်ရေးအစိုးရရဲ့ ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြောင့်ပါပဲ။

"ဒါကြောင့်မို့ လာမယ့် ထဖိုဦး ထန်းပေါ်ချိန်ကစပြီး ကျွန်တော်တို့ စုပေါင်းထန်းလုပ်ငန်းက လက်ရှိတက်နေတဲ့ ထန်းတောတွေရဲ့ ပိုင်ရှင်တွေကို ထန်းစု (သီးစားခ) မပေးတော့ပါဘူး ဆိုတဲ့အကြောင်းကို ဒီအစည်းအဝေးကြီးမှာ အလေးအနက် ကြေညာအပ်ပါတယ်"

အထက်ပါ ကိုအေးဆွေ၏ တပ်လှန့်နှိုးဆော်ချက်သည် အဖွဲ့ဝင် ထန်းလုပ်သား၊ လုပ်သမတိုင်းအား တရိပ်ရိပ်နှင့် စိတ်အားကို တက်ကြွစေသည်။ ရဲရင့်စေသည်။ သတ္တိရှိလာစေသည်။ ကုန်ထုတ်စွမ်းအားကိုလည်း ပိုမိုလာစေသည်။ စွဲမြဲစေသည်။ ခိုင်မာစေသည်။

သို့သော်၊ သို့သော် ...။

ထန်းပိုင်ရှင်များ လောကတွင်မူ ကိုအေးဆွေ၏ ထန်းစုမပေးရေး တပ်လှန့်နှိုးဆော်ချက်သည် တစိမ့်စိမ့်နှင့် တုန်လှုပ်ချောက်ချားစေသည်။

ထိုအခါ ထန်းပိုင်ရှင်တို့သည် စုပေါင်းအဖွဲ့ ဘုံထန်းတောလုပ်ငန်းကြီး၏ ပျက်စီးရာပျက်စီးကြောင်းများကို တိုက်ရိုက်အားဖြင့်လည်းကောင်း၊ သွယ်ဝိုက်သောနည်းအားဖြင့် လည်းကောင်း ယခင်ကများထက် ပြုလုပ်လာသည်။ ထန်းပိုင်ရှင်တစ်ပိုင်း၊ လက်ကား မှတ်ပုံတင် ကုန်သည် ပွဲစားတစ်ပိုင်းတို့ကလည်း စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှ ထုတ်လုပ်သော ထန်းလျက်ကုန်များကို ဝယ်ယူခြင်းမပြုရန် လှုံ့ဆော်ပေးခြင်းအားဖြင့် အကျပ်အတည်းပေးလာကြသည်။ ကုန်ပစ္စည်းညံ့သည်ဟု သတင်းလွှင့်ကြသည်။ ဝယ်ပြန်လျှင်လည်း ကုန်ပစ္စည်းများကို ညှို့ဖျင်းသွားအောင်၊ နာမည်ပျက်သွားအောင် ကုန်သည်တို့၏ နည်းပရိယာယ်ဖြင့်သုံးကာ ညစ်ပတ်လာကြသည်။

ထို့အတူ ဘုံထန်းတော စုပေါင်းထန်းလုပ်သားတို့၏ခေါင်းဆောင် ကိုအေးဆွေအားလည်း ၎င်းတို့သည် မနိုင်လျှင် နိုင်သည့်နည်းဖြင့် အဝေးမှ ဆဲကြ ဆိုကြသည်။ မကောင်းသတင်း လွှင့်ကြသည်။ ကိုအေးဆွေနှင့် ယှဉ်ပြိုင်၍ မပြောဝံ့မဆိုဝံ့သောအခါ အဖွဲ့ဝင်ထန်းလုပ်သားအား တွေ့တိုင်း အခွင့်ကြုံလျှင် ကြုံသလို ခနဲ့ကြသည်။ သရော်ကြသည်။ လှောင်ကြ ပြောင်ကြသည်။

အကယ်၍ ကိုအေးဆွေနှင့် အမှတ်မထင် ဖြုန်းခနဲ ဆိုသလို မရှောင်သာဘဲ တွေ့လျှင်လည်း စကားတင်စီးပြောကြသည်။ အမျိုးမျိုးခနဲ့၍ သိက္ခာချကြသည်။

ယင်းသို့ ထန်းပိုင်ရှင်တို့ဘက်မှ အတိုက်အခံအပြုဆုံး၊ အနှောင့်အယှက်အပြုဆုံး အပေးဆုံး ပုဂ္ဂိုလ်များကား ဦးမြမောင်နှင့် ဦးမြို့တို့ပင် ဖြစ်သတည်း။

[ ၃၆ ]

ထန်းဖိုဦး ထန်းလျက်များပေါ်ဦးဆဲ အချိန်ရာသီ၏ တစ်နေ့သော နံနက်ခင်းတွင် ကိုအေးဆွေသည် ကျောက်ပန်းတောင်းမြို့ရှိ မှတ်ပုံတင်ကုန်သည်ပွဲစားတစ်ဦးဖြစ်သော ဦးသန်းဆွေ၏ပွဲရုံသို့ အလုပ်ကိစ္စဖြင့် ရောက်ရှိသွားလေသည်။

ကိုအေးဆွေသည် ပွဲစားဦးသန်းဆွေနှင့် မိမိတို့ စုပေါင်းထန်းလုပ်ငန်းအတွက် ထန်းလျက်အမျိုးအစားများနှင့် ပတ်သက်ပြီး ညံ့ဖျင်းသောအမျိုးအစားများ မထုတ်လုပ်ကြောင်း၊ မလိုသူတစ်စု၏ လုပ်ကြံလီဆယ်၍ သတင်းလွှင့်ခြင်းသာဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြခြင်းပြုနေသည်။

ထို့နောက် ကိုအေးဆွေသည် ဦးသန်းဆွေ အလိုရှိသော ထန်းလျက်လုံးကြီးက မည်သည့်ဈေး၊ လုံးလတ်က ဘယ်ဈေး၊ လုံးချောက မည်သည့်နှုန်း၊ ပုံးသွတ်ထန်းလျက် အကောင်းစားက မည်သည့်နှုန်း စသည်ဖြင့် ဆွေးနွေးပြီး မှာကြားသော အော်ဒါများကို လက်ခံစကားပြောလျက် ရှိလေသည်။

ထိုစဉ် ကုန်သည်ပွဲစား တစ်ပိုင်း၊ ထန်းပိုင်ရှင်တစ်ပိုင်း ပွဲစားကြီးဦးမြို့သည် ရုတ်တရက်ရောက်လာသည်။ သူသည် ကိုအေးဆွေကိုမြင်သောအခါ ရှုတင်းတင်းနှင့် မထီမဲ့မြင် အကြည့်မျိုးဖြင့် ကြည့်သည်။

ထို့နောက် သူသည် ဦးသန်းဆွေအား မနေ့က ဆီနှင့် မန်ကျည်းသီး အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းဆွေးနွေးသည်။ ဦးသန်းဆွေကလည်း ကိုအေးဆွေနှင့် စကားပြတ်သွားပြီဖြစ်၍ ဆက်လက်ကာ သူတို့ အရောင်းအဝယ်ကိစ္စ ဆက်ပြောနေကြသည်။

ကိုအေးဆွေကလည်း သူ့အလုပ်ကိစ္စ ပြီးပြီဖြစ်၍ ပြန်ရန် ဦးသန်းဆွေအား နှုတ်ဆက်လိုက်သည်။

ဤတွင် ဦးမြို့က ကိုအေးဆွေအား တွေ့လျှင်တွေ့ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ ပဋိပက္ခဖြစ်လိုသည့်စကားမျိုးဖြင့် မေးလိုက်သည်။

"ပြန်တော့မလားကွ၊ နေပါဦး။ တော်တော်တလောက မင်းတို့အစည်းအဝေးမှာ တို့ထန်းတောတွေအတွက် ထန်းစုမပေးတော့ဘူးဆိုပြီး ကြေညာဆုံးဖြတ်လိုက်ကြတယ်ဆို"

"ဒါကတော့ ဦးလေးရာ၊ အခြေအနေအရ လုပ်ရတာပါ"

ကိုအေးဆွေက ပဋိပက္ခမဖြစ်လို၍ စကားနည်းရန်စဲသဘောမျိုးဖြင့် ထိုင်ရာမှထရင်း ပြီးလွယ်စီးလွယ် ပြောလိုက်သည်။

"အောင်မယ်၊ အခြေအနေအရ ဆိုပဲ့ကလား။ မင်းစကားက ယဉ်လှချည်လား။ ဆိုစမ်းပါဦးကွ"

ဦးမြို့ကမူ တစ်ဆင့်တက်ပြီး ထပ်၍ လှောင်မိအောင်ပင် လှောင်မေး မေးလိုက်ပြန်ချေသည်။

တကယ်တော့ ကိုအေးဆွေသည် ထန်းပိုင်ရှင်လူတန်းစားများနှင့် ဥပဒေဘောင်၏အပြင်ဘက်၌ လူပုဂ္ဂိုလ်ချင်း ယှဉ်ပြိုင်၍ မပြောလိုပေ။ ဖက်ပြိုင်၍လည်း အငြင်းအခုံ မဖြစ်လိုလှ။ သို့သော် ကြောက်လန့်၍ကား မဟုတ်ပါ။

အမှန်စင်စစ် ယခုကဲ့သို့ လူပုဂ္ဂိုလ်ချင်းတွေ့၍ ငြင်းခုံရခြင်းဖြင့်လည်း ဘာမျှ အကျိုးထင်သက်ရောက်မှုမျိုးရှိမည်ကား မဟုတ်ချေ။ လူပုဂ္ဂိုလ်ချင်း အမုန်းပွားရုံသာ ရှိပေမည်။ ယခုတော့ တေ့တေ့ဆိုင်ဆိုင် လာ၍တွေ့နေရချေပြီ။

မိမိက အငြင်းမပွားလို၍ ရှောင်သွားပါလျှင်လည်း နောက်ပိုင်းတွင် သူရဲဘောနည်းသူတစ်ယောက် အနေဖြင့် ပြောဆိုရှုတ်ချနေဦးမည်။ ယင်းသို့ ထင်မြင်မှုမျိုးကိုတော့ လက်မခံနိုင်ပေ။ မည်သို့ပင်ဖြစ်စေ ယခုတော့ ရင်ဆိုင်ရပေတော့မည်။

ထို့ကြောင့်လည်း ကိုအေးဆွေသည် ဦးမြို့က မည်သို့ပင် လှောင်ပြောင်နေသော်လည်း စိတ်လှုပ်ရှားမှု မဖြစ်စေဘဲ ပြန်လည်ထိုင်ချပြီး တည်ငြိမ်စွာဖြင့် ပြန်လည်ရှင်းပြသည်။

"အခြေအနေဆိုတာက ဒီလိုပါ။ ဦးလေးတို့လည်း သိတဲ့အတိုင်းပဲ။ ၁၉၆၅ ခုနှစ် ဧပြီလထဲကပဲ လယ်ယာမြေမလုပ်သူ မြေပိုင်ရှင်တွေကို သီးစားခ ပေးစရာမလိုတော့ဘူးလို့ နိုင်ငံတော်အစိုးရက ဥပဒေနဲ့ ပြဋ္ဌာန်းကြေညာလိုက်တယ် မဟုတ်လား"

"ဟာ၊ ဒါနဲ့ မင်းတို့နဲ့ဘာဆိုင်လို့လဲကွ။ ဟိုဟာက လယ်ယာမြေပဲ။ တို့ဟာက ထန်းပင်ပဲဟာ။ ဒီဥပဒေထဲမှာ ထန်းပင်တွေအတွက် မပေးရဘူးလို့ ပါတာမှ မဟုတ်ဘဲ"

ကိုအေးဆွေက အေးဆေးတည်ငြိမ်စွာဖြင့် ရှင်းပြနေသည့်တိုင်အောင် ဦးမြို့ကမူ ဒေါဖြင့် မောဖြင့် တုံ့ပြန်ပြောဆိုလာတော့သည်။

"ထန်းပင်ပေါက်တဲ့ ယာမြေတွေလည်း ပါပါတယ် ဦးလေးရဲ့။ ကျွန်တော်တို့ကလည်း အရမ်းလုပ်တာမှ မဟုတ်ဘဲ။ ဥပဒေတွေကို သေသေချာချာလေ့လာပြီးမှ ဆုံးဖြတ်ကြတာပါ"

"ဟေ၊ ပါတယ် ဟုတ်လား"

ဦးမြို့က အံ့သြသံကြီးဖြင့် ဆိုလိုက်သည်။

"ဟုတ်ပါတယ်၊ ပါပါတယ်။ ဦးလေးတို့က ဥပဒေကို သေချာစွာ မလေ့လာလို့ပါ"

မှတ်ပုံတင် ကုန်သည်ပွဲစားကြီးဦးမြို့မှာ ကိုအေးဆွေက သူ့အပေါ် သုံးနှုန်းလိုက်သောစကားများကြောင့် ဆတ်ခနဲဖြစ်သွားပြီး ကိုအေးဆွေအား မျက်လုံးကြီး ပြူး၍ စိုက်ခနဲကြည့်လိုက်၏။

အနီးရှိ ဦးသန်းဆွေ၊ မနီးမဝေးရှိ ပွဲရုံစာရေးနှင့် အလုပ်သမားများသည် မိမိတို့မြို့မှ ကုန်သည်ပွဲစားတစ်ပိုင်း၊ ထန်းပိုင်ရှင်တစ်ပိုင်း ပွဲစားကြီး ဦးမြို့နှင့် ဘုံထန်းတောနယ်မြေမှ ကိုအေးဆွေတို့၏ မမျှော်လင့်ဘဲ ထိပ်တိုက်လာတွေ့နေရသော အချီအချ စကားစစ်ထိုးပွဲကြီးကို တွေ့ရတော့မည်ဖြစ်၍ စိတ်ဝင်စားလာကြသည်။ အာရုံစိုက်၍ မသိမသာ ကပ်လာကြသည်။

သို့သော် ထန်းလျက်ရောင်းထမ်း သုံးလေးဦး ရောက်လာသဖြင့် ပွဲရုံစာရေးနှင့် အလုပ်သမားများသည် သူတို့လုပ်ငန်းကို တစ်ဖန် အလေးထားကာ လုပ်နေကြရပြန်သည်။ သို့ရာတွင် ကိုအေးဆွေတို့ စကားဝိုင်းကိုမူ တစ်ဖက်က အာရုံစိုက်နေကြသည်။

ကိုအေးဆွေကလည်း သူ့စကားကို ဆက်ပြန်သည်။

"ထန်းပင်ဆိုတာ မြေရှိမှ ပေါက်လို့ရတယ်မဟုတ်လား"

"ဟ၊ ဒါ မင်းပြောမှလားကွ"

ကိုအေးဆွေသည် သူ့လှည့်ကွက်ထဲသို့ဝင်လာသော ဦးမြို့၏စကားကြောင့် ခပ်ထည်ထည် ပြုံးပြလိုက်သည်။

"ကဲ၊ ဒီလို မြေရှိမှ ထန်းပင်ပေါက်တယ်လို့ ယုံကြည်ရင် ထန်းပင်ဟာ မြေကြီးမှာစိုက်ပျိုးရတယ်ဆိုတာ သေချာနေပြီပေါ့"

ဦးမြို့က ကိုအေးဆွေအား မျက်မှောင်ကြီးကြုတ်၍ ကြည့်နေ၏။

အနီးရှိ ပွဲစားဦးသန်းဆွေက မပြုံးမိအောင် ဣန္ဒြေဆောင်နေသော်လည်း မလှမ်းမကမ်းရှိ ထန်းလျက်များကို ချိန်တွယ်ခြင်း၊ စာရင်းမှတ်ခြင်း၊ ပြောင်းလဲထည့်သွင်းခြင်းများ ပြုလုပ်နေကြသော ပွဲရုံစာရေးနှင့် အလုပ်သမားများကမူ ကိုအေးဆွေ၏ ရယ်စရာလိုစကားများကြောင့် ပြုံးစိစိဖြစ်သွားကြသည်။

"ကဲ၊ ဒီလိုဆိုရင် "လယ်ယာမြေ" ဆိုတဲ့စကားထဲမှာ ထန်းပင်ပေါက်တဲ့ "ထန်းအောက်မြေ" ဆိုတာလည်း ပါမပါဆိုတာကို ကျွန်တော်ရှင်းပြမယ်။ ဘယ်လိုလဲဆိုတော့ ၁၉၆၃ ခုနှစ်က ပြဋ္ဌာန်းလိုက်တဲ့ သီးစားချထားရေး နည်းဥပဒေများထဲက ပုဒ်မ ၂၊ (ဂ)* မှာ

**ဆက်လက်ဖော်ပြပါမည်။**

**"ထန်းပိုင်ရှင်များလောကတွင်မူ ကိုအေးဆွေ၏ ထန်းစုမပေးရေး တပ်လှန့်နှိုးဆော်ချက်သည် တစိမ့်စိမ့်နှင့် တုန်လှုပ်ချောက်ချားစေသည်။ ထိုအခါ ထန်းပိုင်ရှင်တို့သည် စုပေါင်းအဖွဲ့ ဘုံထန်းတောလုပ်ငန်းကြီး၏ ပျက်စီးရာ ပျက်စီးကြောင်းများကို တိုက်ရိုက်အားဖြင့်လည်းကောင်း၊ သွယ်ဝိုက်သောနည်းအားဖြင့်လည်းကောင်း ယခင်ကများထက် ပြုလုပ်လာသည်။ ထန်းပိုင်ရှင်တစ်ပိုင်း၊ လက်ကားမှတ်ပုံတင် ကုန်သည်ပွဲစားတစ်ပိုင်းတို့ကလည်း စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှ ထုတ်လုပ်သော ထန်းလျက်ကုန်များကို ဝယ်ယူခြင်းမပြုရန် လှုံ့ဆော်ပေးခြင်းအားဖြင့် အကျပ်အတည်းပေးလာကြသည်။ ကုန်ပစ္စည်းညံ့သည်ဟု သတင်းလွှင့်ကြသည်။ ဝယ်ပြန်လျှင်လည်း . . ."**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

## သူနာပြုနှင့် သားဖွားသင်တန်းကျောင်း မော်လမြိုင်၏ သူနာပြုသားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

သူနာပြုနှင့် သားဖွားသင်တန်းကျောင်း မော်လမြိုင်၏ သူနာပြုသားဖွားဒီပလိုမာ အမှတ်စဉ်(၄၅) အောင်လက်မှတ် အပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက သင်တန်းသား သင်တန်းသူများအား သူနာပြုသားဖွား ဒီပလိုမာ အောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ညောင်တုန်း အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာညောင်တုန်းမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးစန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နီအေးက သမဝါယမလုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေစာရင်းများကို ဖတ်ကြားခြင်း၊ မြို့နယ်အသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြသည်။

အဆိုပါအခမ်းအနားသို့ အခြေခံသမဝါယမအသင်း ၁၀၅ သင်းမှ အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ကြပြီး အသင်းဝင်များအား အစုငွေများအပေါ် အမြတ်ငွေနှင့် ခရီးစရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

## မိတ်ဖက်အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း (The Union of Myanmar Bamar Ethnic Entrepreneurs Association– UMBEEA) နှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က ကျင်းပရာ UMBEEA ၏ ဥက္ကဋ္ဌ ဦးကျော်ဒေဝက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။



### လက်မှတ်ရေးထိုး

ထို့နောက် မိတ်ဖက်အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများက လက်မှတ်ရေးထိုးရန် ကမ်းလှမ်းသည်ကို လက်ခံရသည့် အကြောင်းရင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး UMBEEA ဘက်မှ ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အောင်တို့က မိတ်ဖက်အဖွဲ့အစည်းများအဖြစ် Myanmar AOTS Alumni Association (MAAA)၊ Myanmar Arts and Crafts Association (MACA)၊ Myanmar Business Executives Association (MBE)၊ Myanmar Computer Industry Association (MCIA)၊ Young Entrepreneur Network Development Association (YEN–D) တို့နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကာ အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ချောစုဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံကုမ္ပဏီများ မှတ်ပုံတင်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အသင်းတစ်သင်းဖြစ်ပြီး အသင်းမဖြစ်မီကာလကပင် အဖွဲ့အနေဖြင့် “သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကြီး” ပထမအကြိမ် ကျင်းပစဉ်မှအစပြု၍ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

UMBEEA ၏ ရည်ရွယ်ချက်များတွင် အခြားသော တိုင်းရင်းသားလူမျိုး လုပ်ငန်းရှင်များနှင့် သာမက ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များနှင့်ပါ ချိတ်ဆက်ပြီး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်၊ ဒေသထွက်ကုန်ပစ္စည်းများကို Value-added ပြုလုပ်၍ နိုင်ငံတကာ ဈေးကွက်များသို့ ထိုးဖောက်နိုင်စေရန် စသောရည်ရွယ်ချက်ကောင်းများ ပါရှိသည်။

အသင်းနှင့် အသင်းဝင်လုပ်ငန်းရှင်များ၏ လုပ်ငန်းဆောင်တာများကို အောင်မြင်စွာ စုစည်းဆောင်ရွက် နိုင်စေရန် ကော်မတီ ခုနစ်ရပ် ဖွဲ့စည်းပြီး တာဝန်များ ခွဲဝေဆောင်ရွက်လျက်ရှိရာ ၎င်းတို့မှာ စီမံခန့်ခွဲရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ အသင်းသားရေးရာကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးကော်မတီ၊ ဘဏ္ဍာရေးနှင့် ရန်ပုံငွေရှာဖွေရေး ကော်မတီ၊ သင်တန်းရေးရာကော်မတီနှင့် ပြပွဲကျင်းပရေးနှင့် ဈေးကွက်ဖော်ဆောင်ရေး ကော်မတီတို့ဖြစ်သည်။

CSR လုပ်ဆောင်ချက်အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသော ရခိုင်ပြည်သူများအတွက် လှူဒါန်းငွေနှင့် ပစ္စည်းများ လှူဒါန်းခြင်း၊ ရေဘေးသင့် ပဲခူးပြည်သူများအတွက် စားသောက်ကုန်ခြောက်များ လှူဒါန်းခြင်းတို့ကို တပ်အားသရွေ့ ပြုလုပ်ဆောင်ရွက်ခဲ့ သည်။

ယခုနှစ်အတွင်း UMBEEAသည် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းနှင့်လည်းကောင်း၊ ကိုးကန့်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့်လည်းကောင်း မိတ်ဖက်အဖွဲ့အစည်းများအဖြစ် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းသာမက “မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်အကြိုနှင့် ဈေးရောင်းပွဲတော် ၂၀၂၃” ကို မြန်မာ့လက်မှုအနုပညာစင်တာတွင်လည်းကောင်း၊ “ဗမာ-ထိုင်း ကုန်စည်ပြပွဲ ၂၀၂၃” ကို Junction City တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ “ဗမာ-ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၃” ကိုလည်း UMBEEA က ဦးစီး၍ Junction City တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စီးတီးတက္ကစီယာဉ် အစီးရေ ၁၀၀၀၀ ကျော်တွင် အဝါရောင်ဘေးလိုင်းစတေကာကပ်ထားပြီးဖြစ်

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော စီးတီးတက္ကစီယာဉ်အစီးရေ ၁၀၀၀၀ ကျော်တွင် အဝါရောင်ဘေးလိုင်း စတေကာကပ်ထားပြီးဖြစ်ကြောင်း အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)ရုံးချုပ်၌ ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲ(၈/၂၀၂၃) မှ သိရသည်။

### ထုတ်ပြန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသော စီးတီးတက္ကစီယာဉ်များကို အခြားသောယာဉ်များနှင့် ကွဲပြားပြီး ထင်သာမြင်သာရှိစေရန်နှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရန် နိုင်ငံတကာတက္ကစီများနည်းတူ စီးတီးတက္ကစီယာဉ်များ၏ ဘေးနှစ်ဖက် ကိုယ်ထည်တွင် အနံ ငါးလက်မခန့်ရှိ အဝါရောင် အလျားလိုက်ဘေးလိုင်းစတေကာကပ်ရန်အတွက် YRTC အနေဖြင့် အောက်တိုဘာ ၁၂ ရက်က ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲ (၇/၂၀၂၃)တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

“နိုဝင်ဘာ ၁ ရက်ကနေ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ သုံးလတာကာလအတွင်း အဝါလိုင်းစတေကာလာကပ်တဲ့သူတွေကို ကျွန်တော်တို့ YRTC ကနေ အခမဲ့ဆောင်ရွက်ပေးမယ်၊ ဒါမှမဟုတ် ယာဉ်ပိုင်ရှင်တွေအနေနဲ့ သူတို့ဘာသာ အပြင်ဆိုင်တွေမှာ ပုံစံတူစတေကာကပ်တာတို့၊ ဆေးသုတ်တာတို့ လုပ်ချင်လည်း ကျွန်တော်တို့ YRTC က ခွင့်ပြုတယ်လို့ ကြေညာခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စတင်ဆောင်ရွက်ပေးမယ့် နိုဝင်ဘာ ၁ ရက်ကို မရောက်သေးခင်မှာပဲ စီးတီးတက္ကစီအစီးရေ ၁၀၀၀၀ ကျော်လောက်က စတေကာကပ်ထားပြီးဖြစ်နေတာ တွေ့ရှိရပါတယ်။ အဲဒါကြောင့် အခုလို အသိစိတ်ဓာတ်ရှိရှိနဲ့ လိုလိုလားလား လိုက်နာဆောင်ရွက်ပေးကြတဲ့ ရန်ကုန်စီးတီးတက္ကစီအသင်း၊ စီးတီးတက္ကစီယာဉ်ပိုင်ရှင်တွေနဲ့ ယာဉ်မောင်းတွေကို ကျွန်တော်တို့ YRTC က ကျေးဇူးတင်ပါတယ်။ အသိအမှတ်လည်း ပြုပါတယ်”ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။




ရန်ကုန်တိုင်းဒေသကြီးအတွင်း ကညနတွင် မှတ်ပုံတင်ထားသည့် တက္ကစီအစီးရေ ၅၉၀၀၀ ကျော်ရှိပြီး YRTC တွင် စီးတီးတက္ကစီမှတ်ပုံတင်ထားသည့် ယာဉ်အရေအတွက် ၅၃၀၀၀ ကျော်ရှိကြောင်း၊ စီးတီးတက္ကစီယာဉ်များကို အဝါရောင်လိုင်းစတေကာကပ်ခြင်းသည် ပုဂ္ဂလိကတစ်ဦးချင်းပိုင် တစ်စီးတစ်ရောင်ဖြစ်နေသည့် ယာဉ်များကို စုစည်းကာ စီးတီးတက္ကစီယာဉ်များအား အခြားယာဉ်များနှင့် ကွဲပြားစေရန်နှင့် မြို့တော်အင်္ဂါရပ်နှင့်ညီစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း YRTC မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲမည့် စီးတီးတက္ကစီယာဉ်များအနေဖြင့် ကညနတွင် အငှားယာဉ်နံပါတ်ပြားအနီအဖြစ် မှတ်ပုံတင်ရမည်ဖြစ်ပြီး ကညနမှတ်ပုံတင်သက်သေခံလက်မှတ် (ဗီးတက်)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန “ဂ” လုပ်ငန်းလိုင်စင်များ အပိုင်း (၁)၊ (၂)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက် အဝါရောင်ဘေးလိုင်းစတေကာ၊ YRTC City Taxi Sticker၊ ယာဉ်မောင်းဓာတ်ပုံ၊ ရန်ကုန်စီးတီးတက္ကစီအသင်း(YCTA) Logo၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆောင်ရွက်သည့် Taxi Board တို့ အပြည့်အစုံပါရှိရမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ပညာပေးကာလ သတ်မှတ်ထားပြီး ပညာပေးကာလကျော်လွန်ပါက အဆိုပါအချက်များနှင့် မပြည့်စုံသည့်ယာဉ်များကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း YRTC တွဲဖက် အတွင်းရေးမှူး ဦးလျန်ကျင့်မန်၏ ပြောကြားချက်အရ သိရသည်။ **လင်းရာမ**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၂၇-၁၀-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ချင်းတိုင်းရင်းသားတို့၏ MQT Music Band တေးဂီတအဖွဲ့နှင့်အတူ ချင်းတိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **“အောက်ချင်းငှက် တေးသံသာ”** ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ရာ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၇-၁၀-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
“အောက်ချင်းငှက် တေးသံသာ” ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | Meitei Guun<br>(မဏိပူရမြစ် ခမ်းခြောက်သည့်တိုင် ချစ်မည်) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၂။ | Iang Nei Lairam<br>(ညှို့နိုင်လွန်းသည့် ချင်းပြည်) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၃။ | ချယ်ရီ | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၄။ | ခြောက်ကပ်နေ | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၅။ | Ahlan Ih<br>(အရင်က) | ချင်းတိုင်းရင်းသားအဆိုရှင် |
| ၆။ | တောင်ပေါ်လမ်းဟောင်းလေး | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၇။ | Zilthli Thiang Lennak<br>(လေပြေလေညှင်းတိုက်ခတ်ရာ) | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၈။ | ချစ်သောချင်းဓလေ့မြေ | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၉။ | တောင်ပေါ်မြို့လေး | ချင်းတိုင်းရင်းသူအဆိုရှင် |
| ၁၀။ | ချစ်တဲ့ချင်းပြည် | ချင်းတိုင်းရင်းသူအဆိုရှင် |

## မင်းလှမြို့၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြော

**မင်းလှ အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဆိုင်းဘုတ်စိုက်ထူခြင်း၊ အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က ထန်းပင်ကုန်း ကျေးရွာအုပ်စု၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဖြိုးဝေလင်းနှင့် မွေးမြူရေးလုပ်ငန်းများ ပူးပေါင်း၍ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုနှင့် အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်တို့မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက် အသိပညာပေးဆိုင်းဘုတ်ကို ထန်းပင်ကုန်း ကျေးရွာလမ်းဆုံနှင့် သိန်းရွှေကုမ္ပဏီ ငါးမွေးကန်နေရာတို့တွင် စိုက်ထူခဲ့ကြသည်။

အသိပညာပေး ဟောပြောခြင်းတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဖြိုးဝေလင်းက မြန်မာနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရင်ဆိုင်ကြုံတွေ့နိုင်သည့် အခြေအနေများ၊ ငါးမွေးမြူရေးကန်လုပ်ငန်းရှင်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ အယ်လ်နီညိုဖြစ်ပွားနေချိန်တွင် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အယ်လ်နီညိုဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် FDA အသိအမှတ်ပြု မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်ရရှိထားသော Anti Rabies Vaccine (ARV) များကို ဆေးဝါးတင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် (Drug Importation Approval Certificate) ရရှိထားသော ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်ရရှိထားသော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါ အဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည် တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.14.ARV(2023-2024) |
| တင်ဒါစတင်သည့်ရက် | - ၂၅ - ၁၀ -၂၀၂၃ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၁ - ၁၁ -၂၀၂၃ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဦးဇော်ဝင်းထွန်း[၁၂/ကတတ(နိုင်)၀၂၅၇၅၄](ကန်ထရိုက်တာ) ယခုနေရပ်လိပ်စာမသိ သိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဘောဓိရိပ်သာလမ်း၊ အမှတ်-၆/အေ နေ ဦးအောင်ကောင်းစိန်[၁၂/လမတ(နိုင်) ၀၁၄ ၂၁၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရသိစေအပ်သည်မှာ-

လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့အကြား ကွန်ဒိုတိုက်ခန်းကြိုပွိုင့် ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ (၂၇-၇-၂၀၁၇)ရက်နေ့ “ငွေကြေးပြန်လည်ပေးအပ်ခြင်း သဘောတူစာချုပ်”ကို တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးဝင်းရွှေနှင့် ဦးမြတ်ထွန်းတို့ရှေ့မှောက် အသိသက်သေထားချုပ်ဆိုခဲ့သည်ကို လူကြီးမင်း အသိဖြစ်ပါသည်။

သို့ရာတွင် ဖော်ပြပါစာချုပ်အရ ကွန်ဒိုတိုက်ခန်းအရစ်ကျငွေပေးချေစနစ်ဖြင့် လူကြီးမင်းမှ ကျွန်ုပ်မိတ်ဆွေအား ကြိုပွိုင့်ရောင်းချခဲ့သော်လည်း အဆောက် အဦးဆောက်လုပ်ရာတွင် အခက်အခဲများရှိ၍ လက်ခံရယူထားသော ငွေကျပ် ၉၅၀,၀၀,၀၀၀/- (ကျပ်သိန်းကိုးရာ့ငါးဆယ်တိတိ)အား သတ်မှတ်ကာလ အတွင်း ပြန်ပေးပါမည်ဟု ဝန်ခံလက်မှတ်ရေးထိုးပြီးနောက် ငွေကျပ် ၆၀၀,၀၀,၀၀၀/- (ကျပ်သိန်းခြောက်ရာတိတိ)ကိုသာ ပေးနိုင်ပြီး ကျန်ငွေကျပ် ၃၅၀,၀၀,၀၀၀/-(ကျပ်သိန်းသုံးရာ့ငါးဆယ်တိတိ)အား ယနေ့တိုင်ကျွန်ုပ်မိတ်ဆွေ ထံ ပေးဆပ်ခြင်းမရှိ ပျက်ကွက်လျက်ရှိသည်ကို လူကြီးမင်းအသိဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေမှလည်း ယုံကြည်မှုကိုအကြောင်းပြု၍ သည်းခံစောင့်ဆိုင်း သော်လည်း ဆက်သွယ်ခြင်း၊ ပေးဆပ်ခြင်းမရှိသည့်အပြင် လူကြီးမင်းနေထိုင် ပါသည်ဟုဆိုသော နေရပ်လိပ်စာတွင် နေထိုင်ခြင်းမရှိ ပြောင်းရွှေ့သွားသည်မှာ လူကြီးမင်းအသိဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေအား လူကြီးမင်းမှ ပေးဆပ်ရန်ကျန်ရှိသည့် ငွေကျပ် ၃၅၀,၀၀,၀၀၀/-(ကျပ်သိန်းသုံးရာ့ငါးဆယ်တိတိ)ကို ယခုကြော်ငြာပါသည့် နေ့ရက်မှစ၍ ရက်သတ္တပတ်နှစ်ပတ် (၈-၁၁-၂၀၂၃)ရက်နေ့ နောက်ဆုံးထား ဆက်သွယ်ဖြေရှင်းဆောင်ရွက်ပေးပါရန်နှင့် ဖြေရှင်းခြင်းမရှိပါက ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးပါသည်။

**ဦးအောင်ကောင်းစိန်[၁၂/လမတ(နိုင်)၀၁၄၂၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းအောင်ကျော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၇၈/၂၀၀၂)**
**အမှတ် (၃၃)၊ ပ-ထပ်၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၁၁၄၇၀၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၁၇၈)၊ (၃လွှာ)၊ (ဝဲဘက်) အခန်းနေ ဒေါ်သီတာခင် (ဘ) ဦးမိုးသီး [၁၂/သကတ(နိုင်)၁၆၉၁၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေသည် ဦးမြဟန် (ဘ) ဦးတံဘီ [၁၂/ပဇတ(နိုင်) ၀၂၅၆၆၅] နှင့် (၁-၄-၂၀၀၆) ရက်နေ့တွင် လက်ထပ်ထိမ်းမြားပေါင်းသင်း နေထိုင်ခဲ့ရာ သမီးဖြစ်သူ မတွယ်တာလင်း (ဘ) ဦးမြဟန် [၁၂/ပဇတ (နိုင်) ၀၄၀၃၈၄] ကို မွေးဖွားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ဦးမြဟန်သည် ကျွန်ုပ်မိတ်ဆွေနှင့်အတူပေါင်းသင်းနေထိုင်ရင်း ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ တို့ဖြင့် (၅-၉-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်း ဦးမြဟန် အမည်ပေါက်ပိုင်ဆိုင် သော အောက်ဖော်ပြပါ ရွှေ့ပြောင်း နိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(၁) “ကြေးအိုးကြီးကုမ္ပဏီ” ၌ ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ယူ လုပ်ကိုင်ခဲ့ခြင်း၊ ခင်ပွန်း ဦးမြဟန် ထည့်ဝင်ထားသော အစုရှယ်ယာ ငွေများ ထည့်ဝင်၍ လုပ်ငန်းလုပ်ကိုင်ခဲ့သော ရှယ်ယာငွေများ ရှိနေခြင်း။

(၂) ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန် (၃) ရတနာသိင်္ဂီလမ်း၊ အမှတ် (B2 -B3) ဟုခေါ်တွင်သည့် မြေ အကျယ်အနက်မှ ဆိုင်အမှတ် (B2) ၏ မြေအကျယ် (အလျား ၂၀ ပေ x အနံ ၆၀ ပေ) နှင့် ဆိုင်အမှတ် (B3) ၏ မြေအကျယ် (အလျား ၂၀ ပေ x အနံ ၆၀ ပေ) ရှိ မြေကွက်များမှာ ဦးမြဟန် အမည်ပေါက်ပြီး၊ ယင်းမြေကွက်ပေါ်၌ တည်ရှိသော “Mya Han Family ” ဦးမြဟန် မိသားစု သံထည်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းနှင့် ဆိုင်အတွင်းရှိ ရေ မီးအပါအဝင် ပစ္စည်းများအားလုံး၊ လုပ်ငန်း လည်ပတ်သော ငွေများနှင့် ဆိုင်လုပ်ငန်းတည်ရှိရာ အဆောက်အဦတို့သည် ခင်ပွန်း ဦးမြဟန် အမည်ပေါက်ဖြင့် ပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်ပြီး ခင်ပွန်း မကွယ်လွန်မီ အချိန်ထိ အလုပ်လုပ်ကိုင်ခဲ့ခြင်း။

(၃) ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃) ရပ်ကွက်၊ တာဝတိံသာ လမ်း၊ အိမ် အမှတ် - ၆၂၊ အခန်းအမှတ် (B/302) တိုက်ခန်း အကျယ် (၁၈၆၀) Sqft ရှိ မဟာဗန္ဓုလ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ခင်ပွန်း ဦးမြဟန် အမည်ပေါက် ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ခြင်း။

(၄) ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန် (၁)၊ မြစ်ကြီးနားလမ်း၊ အမှတ် (၁၆) မြေအကျယ် (အလျား ၆၀ ပေ x အနံ ၁၂၀ ပေ) ရှိ မြေကွက်သည် ခင်ပွန်း ဦးမြဟန်အမည်ပေါက် ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပစ္စည်းသိုလှောင်သည့် ဂိုဒေါင်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ခင်ပွန်းဦးမြဟန် ပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ခြင်း။

(၅) ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၄) ရပ်ကွက်၊ သိင်္ဂီ (၄) လမ်း၊ မြေအကျယ် (အလျား ၄၀ ပေ x အနံ ၆၀ ပေ) ရှိ အမှတ် (၃၈၈) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးသည် ခင်ပွန်း ဦးမြဟန်အမည်ပေါက် ပိုင်ဆိုင်သည့် မြေကွက်နှင့်အိမ်ဖြစ်ခြင်း၊

(၆) ကားအမှတ်- (4D- 6051/ YGN) G- ဂရိတ် “Royal Saloon” အဖြူရောင် 1004 ခရောင်းကားနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ခင်ပွန်းဖြစ်သူ ဦးမြဟန် အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့်ကားဖြစ်ပါသည်။ ထို့ကြောင့် အထက် ဖော်ပြပါ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင် သောပစ္စည်းများကို ကျွန်ုပ်၏မိတ်ဆွေ ဦးမြဟန်၏ဇနီးဖြစ်သူ ဒေါ်သီတာခင်နှင့် သမီး မတွယ်တာလင်းတို့က အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိကြသည့် ပစ္စည်းများဖြစ်ပါသည်။ အထက်ဖော်ပြပါ ပစ္စည်းများနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာခင်နှင့် မတွယ်တာလင်းတို့ သိရှိသဘောတူ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်းများ အာမခံအဖြစ်တင်သွင်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကို မည်သူတစ်ဦးတစ်ယောက်ကမျှ မပြုလုပ်ရန် အတွက် သတိပေးတားမြစ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သန်းသန်းစိန် (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၀၀/၁၀)**
**ရုံးခန်း ။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊**
**ပန်းဆိုးတန်းလမ်းမကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄/စက်မှုဇုန်)၊ မြေကွက်အမှတ်(၇၆၀+၇၆၁)၊ မြေကွက်တည်နေရာအမှတ်(၇၆၀+၇၆၁)၊ (၆၄/စက်မှုဇုန်)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် **ဦးချစ်စံ** (CG-066076) အမည် ပေါက် နှစ်(၆၀)စက်မှုမြေငှားဂရန်မြေအား ဂရန်အမည်ပေါက် **ဦးချစ်စံ(ခင်ပွန်း)** ဖြစ်သူသည် ၂-၇-၂၀၁၅ ရက်နေ့တွင် ကွယ်လွန်၍ **ဇနီးဖြစ်သူ ဒေါ်အုံးရီ** (၁၂/ မဂတ(နိုင်) ၀၃၆၅၅၅)မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသော **ဇနီးဖြစ်ကြောင်း**၊ အခြားသော **ဇနီး/မယား**တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူတစ်ဦးတည်းသော **ဇနီး**ဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ ပာစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကျမ်းကျိန်လွှာအမှတ်၊ ၁၆၀၇/၂၀၂၃ (၂၅-၉-၂၀၂၃)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားခြင်း အား မြေပြင်ကွင်းဆင်းစစ်ဆေးရာ တစ်ထပ် RC တစ်လုံးနှင့် နှစ်ထပ် RC တစ်လုံးရှိပြီး ကိုယ်တိုင်မနေ၊ ဦးနိုင်နိုင်သို့ ငှားထားပြီး ဦးနိုင်နိုင်နှင့် ဒေါ်အုံးရီ၏ သားမက်ဖြစ်သူ ဦးကျော်ညွန့်တို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်အုံးရီ ၏ ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်နိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက် လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကျိုင်းတုံမြို့နယ်၌ မိုးစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်းစိုက်ပျိုးသည့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဟိုခိုကျေးရွာ တောင်သူ ဦးစိုင်းဆိုင်ကျော်၏ စံပြစိုက်ကွင်းတွင် ကျင်းပရာ ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးမင်းသန့်ထွန်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်၊ ကျိုင်းတုံခရိုင်/မြို့နယ် စိုက်ပျိုးကြီးကြပ်မှုကော်မတီဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။



အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအစိုထွက် ၁၃၇ ဒသမ ၃၂ တင်း၊ စပါးအခြောက်ထွက် ၁၂၀ ဒသမ ၂၇ တင်းနှုန်း ထွက်ရှိပြီး မျှော်မှန်းအထွက်နှုန်း ပြည့်မီကြောင်း သိရသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၄၇၉၁၀ ရှိပြီး ဆင်းကေရီ-၃ မျိုးစပါးကို ၂၆၄၈၇ ဧက အဓိကထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်၌ ယခုနှစ်တွင် စပါးစိုက်တောင်သူများ သတ်မှတ်မိုးစပါးပန်းတိုင် မျှော်မှန်းအထွက်နှုန်းပြည့်မီကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (အ-၂၁)၊ ဦးပိုင်အမှတ် ၃၂(ခဲစင်း)၊ ၆၈x၆၉ လမ်းကြား၊ မင်းကြီးရန်နောင်လမ်းx မင်္ဂလာလမ်းကြားရှိ ဦးအောင်ချစ် အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်) ဦးအောင်ချစ်၊ (မိခင်) ဒေါ်တင်အောင်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၆၇၃/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ဝါဝါဖြူ၏ (SP ရသူ ဒေါ်မြင့်မြင့်ဌေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၇၇/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဦးကင်းဆောင် [၅/တမန(နိုင်)၀၀၇၆၈၅]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၉၉၁/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/ ဦးပိုင်ခွဲ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၀

ဒေါ်သန်းသန်းအေး နှင့် ဒေါ်စုစုမာ(ခ)ဟာလီမာ
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်- ၁၃၂၁ နေ ဒေါ်စုစုမာ(ခ) ဟာလီမာ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်းအိမ်မြေအရောင်းအဝယ်သဘောတူစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ် ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာသိန်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/အနောက်၊ မြေကွက်အမှတ်- ၃၊ ဧရိယာ (၄၀'x၆၀') မြေကွက်တည်နေရာ အမှတ်- ၃၊ ၇ ဈေးလမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဌေးအောင် (CD-၀၁၇၉၀၈) အမည်ပေါက် နှစ်(၆၀)မြေငှား(ဂရန်)မြေအား အမည်ပေါက် ဦးဌေးအောင် (CD- ၀၁၇၉၀၈)(ဖခင်)၊ ဒေါ်သန်းတင်(မိခင်)တို့ ကွယ်လွန်၊ ၎င်းတို့၏ သားသမီး (၅)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးမောင်မောင်မိုးသည် လူပျိုကြီးဘ၀ဖြင့် ကွယ်လွန်ခဲ့ပြီး၊ သားတစ်ဦးဖြစ်သူ ဦးမောင်မောင်အောင်သည် ဖခင်ဖြစ်သူ မကွယ်လွန်မီ ကွယ်လွန်ခဲ့သဖြင့် ကျန်သားသမီး (၃)ဦးဖြစ်သော ဦးမောင်မောင်ဇော် [၇/တငန(နိုင်)၀၂၅၆၁၇]၊ ဦးမောင်မောင်သန့် [၁၂/သကတ(နိုင်)၁၀၀၈၁၉]၊ ဒေါ်ရှင်မင်းထွေး [၁၂/သကတ(နိုင်)၁၄၂၄၆၂]၊ အမွေမမီမြေးဖြစ်သူ ဒေါ်လှမြတ်ဦး [၁၂/မဂတ(နိုင်)၁၁၄၀၆၄] (ကွယ်လွန်သူ ဦးမောင်မောင်အောင်၏ သမီး)တို့အနက် ဦးမောင်မောင်ဇော်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၃၅၈/၆-၂-၂၀၂၃ ဖြင့်လည်းကောင်း၊ ဦးမောင်မောင်သန့်၊ ဒေါ်ရှင်မင်းထွေးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၆၂၇၈/ ၃၀-၃-၂၀၂၃ ဖြင့်လည်းကောင်း၊ ဒေါ်လှမြတ်ဦးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၆၂၇၉/ ၃၀-၃-၂၀၂၃ ဖြင့်လည်းကောင်း အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်မေမြတ်ဆု [၂/ ဖရဆ(နိုင်)၀၂၃၇၅၀]မှ ကွယ်လွန်သူ(ဖခင်) ဦးဌေးအောင်နှင့် (မိခင်)ဒေါ်သန်းတင်တို့တွင် သားသမီးအရင်းအချာ(၅)ဦး မွေးဖွားခဲ့ပြီး အခြားသော သားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းနှင့် ကိတ္တိမသားသမီးလည်း မွေးစားခဲ့ခြင်းမရှိပါကြောင်း၊ သားသမီး (၅)ဦးအနက် ဦးမောင်မောင်မိုးသည်လူပျိုကြီးဘ၀ဖြင့် ကွယ်လွန်ခဲ့ပြီး တရားဝင်မွေးစားထားသော ကိတ္တိမမွေးစားသားသမီးများမရှိကြောင်း သားတစ်ဦးဖြစ်သူ ဦးမောင်မောင်အောင်သည် ဖခင်ဖြစ်သူဦးဌေးအောင် မကွယ်လွန်မီ ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူက အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိတော့ဘဲ ၎င်းတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်လှမြတ်ဦးကသာ အမွေမမီမြေးအဖြစ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်ဆိုသူ မိမိတို့ (၄)ဦးတို့မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါကြောင်း ဦးမောင်မောင်ဇော်၊ ဦးမောင်မောင်သန့်၊ ဒေါ်ရှင်မင်းထွေး၊ ဒေါ်လှမြတ်ဦးတို့ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ပါဝါ(၃)စောင်၊ ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ (၃)စောင်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးဌေးအောင်၊ ဒေါ်သန်းတင်၊ ဦးမောင်မောင်မိုး၊ ဦးမောင်မောင်အောင်တို့၏ သေဆုံးမှုလက်မှတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဒေါ်ငုသဇင်စိုး [၁၂/သဃက(နိုင်)၁၈၃၆၉၃] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-450001788**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၂၂)၊ ဦးပိုင်အမှတ် (၆၂)၊ ၆၈x၆၉ လမ်းကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်စောရီ၏ (GP ရသူ ဦးကျော်တင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၃၄/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးမြင့် [၁၃/တယန (နိုင်)၀၂၆၅၆၅]၏ (SP ရသူ ဒေါ်ယဉ်ယဉ်ဝင်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၉၉၈/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် (ဈ-၆)၊ ဦးပိုင်အမှတ်- ၉၄ (ခဲစင်း)၊ မနော်ဟယ်ရီ (၁၁၀)လမ်းနှင့် လမ်း ၆၀ ထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်မော်၊ ဒေါ်ခင်မာကြူတို့ (၂)ဦးအနက်၊ ခင်ပွန်းဖြစ်သူ ဦးဇော်မော်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၀၄၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်မာကြူ [၉/မနတ(နိုင်)၀၁၅၁၇၁]၏ (SP ရသူဦးဝင်းမင်းဟန်)က အမှုတွဲအမှတ် ၄၉၈၄/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် (ဖ-၂၀)၊ ဦးပိုင်အမှတ် (၂)၊ ၅၅ လမ်း၊ ၁၁၀ နှင့် ၁၁၁ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မူမူအောင်၏ [SP ရသူ ဒေါ်ချင်လှဲဝါ(ခ)ဒေါ်မြသန်း] ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၀၆/၂၀၀၈)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မျိုးအေး [၁၃/သပန(ဧည့်)၀၀၀၁၅၉]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၀၁၂/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ပဲခူးမြို့။
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့် ထရန်စဖော်မာ (၂၅)လုံးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| လေလံပုံစံ စတင်ရောင်းချမည့်ရက် | - | ၂၆-၁၀-၂၀၂၃ (ကြာသပတေးနေ့) |
| လေလံပုံစံ နောက်ဆုံးရောင်းချမည့်ရက် | - | ၇-၁၁-၂၀၂၃ (အင်္ဂါနေ့) |
| လေလံနောက်ဆုံးတင်သွင်းရမည့်ရက် | - | ၈-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) (၁၆:၀၀ )နာရီ |
| လေလံဖွင့်မည့်ရက် | - | ၉-၁၁-၂၀၂၃ (ကြာသပတေးနေ့) (၁၀:၀၀) နာရီ |

၂။ လေလံတင်သွင်းလိုသူများသည် Lot အလိုက် သတ်မှတ်ထားသည့် လေလံအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်လေလံပုံစံ တင်သွင်းရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လေလံလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များစုံစမ်းခြင်း၊ လေလံလျှောက်လွှာဝယ်ယူခြင်းများကို ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး (ပဲခူးမြို့) စီမံခန့်ခွဲရေးဌာန၊ ဖုန်း ၀၅၂-၂၂၂၂၃၇ သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး (အရှေ့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ ဦးဝင်းလွင် [၇/ညလပ(နိုင်) ၁၀၆၈၀၁]၏သား မောင်အောင်ရဲလင်းကို ဖခင်နှင့်သဘောထားမတိုက်ဆိုင်သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ဖြစ်လာသည့်ကိစ္စကို ဘာမှ တာဝန်မယူကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို မိဘဖြစ်သူက ဘာကိုမှ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**ဖခင် - ဦးဝင်းလွင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ အကွက်အမှတ် ဏ-၉၊ ဦးပိုင်အမှတ် (၁၂-ခ)/နဒီမြောင်းနှင့် သံလမ်းကြား၊ သိပ္ပံလမ်းနှင့် ငုရွှေဝါလမ်းကြားရှိဦးမြင့်ဟန် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အပေးစာချုပ်အမှတ် (၂၂၉၈/၂၀၀၆)ဖြင့် ပေးကမ်းခြင်းကို လက်ခံခဲ့သူများဖြစ်သော ဒေါ်မိုးသီဟန် [၁၂/မရက(နိုင်)၁၄၄၄၄၀]၊ ဦးကောင်းမြတ်(ခ)ဦးကောင်းဆက် [၁၂/မရက(နိုင်)၁၄၄၄၇၅]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၇၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးမြတ်နွယ် [၉/ခအဇ(နိုင်)၀၀၁၀၂၅]၊ MDYNE-၀၀၆၀၃၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/အနောက်၊ မြေကွက်အမှတ်- ၁၈၊ ဧရိယာ (၄၀'x၆၀') မြေကွက်တည်နေရာအမှတ်- ၁၈၊ ဇမ္ဗူသီရိ အနောက်(၁)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဌေးအောင်- (CD-၀၁၇၉၀၈)၊ ဒေါ်သန်းတင် (EA-၀၀၈၁၅၆) အမည်ပေါက် နှစ်(၆၀) မြေငှား (ဂရန်)မြေအား အမည်ပေါက် ဦးဌေးအောင် (CD-၀၁၇၉၀၈)(ဖခင်)၊ ဒေါ်သန်းတင် (EA-၀၀၈၁၅၆)(မိခင်) တို့ ကွယ်လွန်ကြသဖြင့် ၎င်းတို့၏ သားသမီး(၅)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးမောင်မောင်မိုးသည် လူပျိုကြီးဘ၀ဖြင့် ကွယ်လွန်ခဲ့ပြီး၊ သားတစ်ဦးဖြစ်သူ ဦးမောင်မောင်အောင်သည် ဖခင်ဖြစ်သူမကွယ်လွန်မီ ကွယ်လွန်ခဲ့သဖြင့် ကျန်သားသမီး (၃)ဦးဖြစ်သော ဦးမောင်မောင်ဇော် [၇/ တငန(နိုင်) ၀၂၅၆၁၇]၊ ဦးမောင်မောင်သန့် [၁၂/သကတ(နိုင်)၁၀၀၈၁၉]၊ ဒေါ်ရှင်မင်းထွေး [၁၂/သကတ(နိုင်)၁၄၂၄၆၂]၊ အမွေမမီမြေးဖြစ်သူ ဒေါ်လှမြတ်ဦး [၁၂/မဂတ(နိုင်) ၁၁၄၀၆၄] (ကွယ်လွန်သူ ဦးမောင်မောင်အောင်၏သမီး)တို့အနက် ဦးမောင်မောင်ဇော်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၃၅၈/၃၀-၃-၂၀၂၃ ဖြင့်လည်းကောင်း၊ ဦးမောင်မောင်သန့်၊ ဒေါ်ရှင်မင်းထွေးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၆၂၇၈/၃၀-၃-၂၀၂၃ ဖြင့်လည်းကောင်း၊ ဒေါ်လှမြတ်ဦးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၆၂၇၉/ ၃၀-၃-၂၀၂၃ ဖြင့်လည်းကောင်း အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်မေမြတ်ဆု [၂/ဖရဆ(နိုင်)၀၂၃၇၅၀]မှ ကွယ်လွန်သူ(ဖခင်) ဦးဌေးအောင်နှင့် (မိခင်) ဒေါ်သန်းတင်တို့တွင် သားသမီးအရင်းအချာ (၅)ဦးမွေးဖွားခဲ့ပြီး အခြားသောသားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းနှင့် ကိတ္တိမသားသမီးလည်းမွေးစားခဲ့ခြင်းမရှိပါကြောင်း၊ သားသမီး (၅)ဦးအနက် ဦးမောင်မောင်မိုးသည် လူပျိုကြီးဘ၀ဖြင့် ကွယ်လွန်ခဲ့ပြီး တရားဝင်မွေးစားထားသော ကိတ္တိမမွေးစားသား သမီးများမရှိကြောင်း၊ သားတစ်ဦးဖြစ်သူ ဦးမောင်မောင်အောင်သည် ဖခင်ဖြစ်သူ ဦးဌေးအောင် မကွယ်လွန်မီကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူက အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိတော့ဘဲ ၎င်းတို့၏တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်လှမြတ်ဦးကသာ အမွေမမီမြေးအဖြစ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်ဆိုသူ မိမိတို့ (၄)ဦးတို့မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါကြောင်း ဦးမောင်မောင်ဇော်၊ ဦးမောင်မောင်သန့်၊ ဒေါ်ရှင်မင်းထွေး၊ ဒေါ်လှမြတ်ဦးတို့ ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ပါဝါ(၃)စောင်၊ ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ (၃)စောင်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးဌေးအောင်၊ ဒေါ်သန်းတင်၊ ဦးမောင်မောင်မိုး၊ ဦးမောင်မောင်အောင်တို့၏ သေဆုံးမှုလက်မှတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်နေ ဦးပြည့်စုံဇော် [၇/ပခန(နိုင်)၂၄၂၄၂၁]နှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး (၈) ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ်(၁၂၂)နေ ဒေါ်ငုဝါဝါမြင့် [၁၂/မရက(နိုင်) ၁၅၅၈၁၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ဦးပြည့်စုံဇော် [၇/ပခန(နိုင်) ၂၄၂၄၂၁] နှင့် ဒေါ်ငုဝါဝါမြင့် [၁၂/မရက(နိုင်)၁၅၅၈၁၉]တို့သည် (၉-၆-၂၀၁၆)ရက်နေ့တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် (၂၂-၁၀-၂၀၂၃) ရက်နေ့တွင် အသိသက်သေလူကြီးများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။

သို့အတွက် ကျွန်ုပ်၏အမှုသည် ဦးပြည့်စုံဇော်နှင့် ဒေါ်ငုဝါဝါမြင့်တို့သည် အကြင်လင်မယားအဖြစ် ပတ်သက်ဆက်နွှယ်မှု အလျဉ်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးပြည့်စုံဇော်နှင့် ဒေါ်ငုဝါဝါမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြတ်သူ (LL.B)(DBL)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၀၃၁)**
**ဖုန်း-၀၉-၄၂၃၆၈၂၀၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်ရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ တိုက်အမှတ်(၂၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ အကျယ်အဝန်း (၁၅ပေx ၅၈ပေ)ရှိ စတုတ္ထထပ်၊ ၅-လွှာ(A)၊ ရေမီး အစုံအလင်ပါဝင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးဒေဝဒါးစ် [၁၂/ပဘတ(ဧည့်)၀၀၀၅၆၆]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၄၆/၂၀၁၆)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒု-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၉၇၆၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ်- ၉၀၅/က၊ မြေကွက်တည်နေရာ- အမှတ်(၉၀၅/က)၊ ငုဝါလမ်း၊ (၅၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝင်းနိုင် (ISN-၁၀၅၁၀၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းနိုင်(ဖခင်)နှင့် ဒေါ်ကြည်(မိခင်)တို့ အသီးသီးကွယ်လွန်ကြသဖြင့် သား/သမီးများဖြစ်သော ဒေါ်ခင်မာရီ [၁၂/လမန(နိုင်)၀၉၇၉၅၆]၊ ဦးဌေးလွင် [၁၂/လမန(နိုင်)၀၉၇၉၅၉]၊ ဒေါ်မေမေစိန် [၁၂/လမန(နိုင်) ၀၉၇၉၅၃]တို့မှ ၎င်းတို့မောင်နှမ(၃)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးမွေးစားထားခြင်းလည်းမရှိပါကြောင်း၊ ၎င်းတို့မောင်နှမ (၃)ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ဖခင်) ဦးဝင်းနိုင်၏ သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်ကြည်၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၅၅၀/က)၊ မြေကွက်တည် နေရာအမှတ် (၅၅၀/က)၊ အနော်မာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထွန်းရှင် (CE-037822) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှင်အား တရားပြိုင်ထား၍ တရားလို ဦးဇော်ထူးအောင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှု အမှတ်- ၅၃/၂၀၂၂ ၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်- ၁၄/၂၀၂၃၏ အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ်(၁၃၇၃)၊ မြေကွက်တည်နေရာအမှတ် - ၁၃၇၃၊ ဂန္ဓမာလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြောက် (ဦးဝင်း)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် - CA-၀၅၀၆၃၀ ဦးဝင်းအား တရားပြိုင်ထားကာ ဘီလစ်ဒေါ်လှဲ့လှဲ့ခိုင် (၁၃/တကန(နိုင်)၀၀၃၄၁၉ က တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်(၄၀/၂၀၂၃)၏ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်းအပေါ် (၂.၈.၂၀၂၃)ရက်နေ့တွင် ချမှတ်သော စီရင်ချက်၊ ဒီဂရီ၊ တရားမဇာရီမှုအမှတ် (၅၃/၂၀၂၃)၏အမိန့် (၁၅.၈.၂၀၂၃)ရက်စွဲပါ တရားရုံး ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့ပူးတွဲ၍ ဘီလစ်ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ်မြေပုံအား လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

(၅၆) ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို (၁.၁၀.၂၀၂၃) ရက်နေ့မှ စတင် ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့်ပေးသွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများ အနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင်တော့မည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

နိုဝင်ဘာလ (၁)ရက်နေ့ ထီဖွင့်မည်။
ထီဖွင့်ရန် (၇)ရက်သာ လိုတော့သည်။

aungbarlay.ird.gov.mm

App Store Google Play

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၃)လမ်း၊ အမှတ်(၃၅၉)၊ ပဉ္စမထပ် (အပေါ်ဆုံးထပ်)၊ ခေါင်းရင်းခန်း (၁၈' x ၅၄') အကျယ်အဝန်းရှိ တိုက်ခန်းနှင့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေပိုင်ရှင်ဖြစ်သူ ဒေါ်မော်မော်ထံမှ ဝယ်ယူထားသူ ဦးစိုးဘုန်းမြင့် [၉/ခအဇ(နိုင်)၀၀၅၆၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငြိမ်းစုယဉ် [၇/မလန(နိုင်)၀၆၈၄၉၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းစုယဉ်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမိုးကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၅၈၈)**
**ရုံး – အခန်း(၅)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၄၉၆၃၆**

## အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မော်လမြိုင်တက္ကသိုလ်၊ ဥတ္တရပရဝုဏ်ဝင်း(ရွှေတောင်ရပ်)နေ (ဦးလှမျိုး) [၁၀/မလမ(နိုင်) ၀၅၁၂၁၇]၊ ဒေါ်ဘေဘီ (ခ) ခင်မျိုးလှ [၁၀/မလမ(နိုင်)၀၅၁၀၃၃]တို့၏သား မောင်သူလင်း [၁၀/မလမ (နိုင်)၁၈၆၆၉၁]သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သော အကြောင်းအရာကို ပြုလုပ်သွားပါသဖြင့်၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ အားလုံးကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးလှမျိုး+ဒေါ်ဘေဘီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၄၅/၄၇)၊ မြေပိုင်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဖခင်ဖြစ်သူ ဦးအောင်မျိုးသူ (ဘ) ဦးဟုတ်ဆိုင်မှ တစ်ဦးတည်းသောသမီးဖြစ်သူ မမြတ်ဆုသဉ္ဇာအောင် (ဘ) ဦးအောင်မျိုးသူ [၎င်း၏ ကိုယ်စား အသက်မပြည့်သည့်အတွက် သဘာဝအုပ်ထိန်းသူဖြစ်သော မိခင် ဒေါ်နော်ဖွေဖော (ဘ) ဦးစောနယ်(လ်)ဆင် [၁၂/မရက(နိုင်)၁၁၂၈၈၇] မှ ကိုယ်စားလက်မှတ်ရေးထိုးသူ]ကို မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ပြီးမြောက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းအေး (B.A,R.L)** **ဒေါ်ဆွေဆွေညွှန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၃၃၅) တရားလွှတ်တော်ရှေ့နေ(စဉ်–၇၉၇၁)**
**ဒေါ်စုမြတ်မွန်(LL.B )**
**အထက်တန်းရှေ့နေ(စဉ်–၄၉၃၇၈)**
**အမှတ် (၅၈ /၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၃၇၅၅၇၃၊ ၀၉–၂၅၀၃၇၅၅၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဈေး(၂)လမ်း၊ အကွက် အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၂၂/က)၊ လ/န ၃၉ ရရှိပြီး ဦးဘတင် အမည်ပေါက် မြေကွက်ကြီးအတွင်းမှ ဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်သူမြင့်(ဘ)ဦးကျော်မြင့် [၁၂/ပဇတ(နိုင်)၀၀၀၅၂၁] (ကိုယ်စား) ဒေါ်ခိုင်သီတာလွင် [၁၂/သလန (နိုင်) ၀၀၁၁၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းအောင် [၇/သကန(နိုင်) ၁၀၁၀၅၄] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၀၁၉၇၈၆၊ ၀၉–၇၉၉၂၂၉၁၈၃**

## အမည်ပြောင်း

တာမွေမြို့နယ်၊ အမက (၈)၊ G-4တွင်ပညာသင်ကြားနေသော (ဘ) ဦးမောင်သိန်းညွှန့် [၁၁/စတန(နိုင်)၀၂၇၀၃၆]၏ သမီးဖြစ်သူ မအေးမြတ်သိန်းအား မထက်မြတ်မွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မထက်မြတ်မွန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ–၂၇)၊ ဦးပိုင်အမှတ် ၃၁(ခဲစင်း)၊ ၅၈x၅၉ လမ်းကြား၊ ၄၂x၄၃ လမ်းကြားရှိတောဂရန် မြေကွက် အမည်ပေါက်သူ ဗိုလ်ကြီးဝင်းဟန်၏ (SP ရသူ ဒေါ်သန်းသန်းတင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၅၄၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သိမ့်မြတ်ထွေး [၅/ကလထ(နိုင်) ၁၃၄၃၁၉]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၀၀၄/၂၀၂၃–၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ ဦးပိုင်ခွဲ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည–၆၆၊ ဦးပိုင်အမှတ် (၂၈)/ ၅၁x၅၂ ကြား၊ ၁၁၈x၁၁၉ ကြားရှိ ဦးမြင့် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးမြင့်၊ မိခင် ဒေါ်အုန်း၊ သား ဦးထွန်းမင်းနိုင် (လူပျိုဘ၀) တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်သော ဦးမျိုးမြင့်ဦး [၉/မနတ(နိုင်)၀၉၇၅၉၀]၊ ဦးစိုင်းမိုး [၉/မနတ(နိုင်)၁၀၂၂၉၀]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၄၁၇)၊ ဦးပိုင်အမှတ် (၇၇–ဓ) ၊၁၉x၂၂လမ်းကြား၊ ၅၉x၆၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိုးမောင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၄၀၃/၂၀၀၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၂၆၃/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းသန်းနွဲ့ [၉/အမဇ(နိုင်)၀၁၃၃၈၇]က အမှုတွဲအမှတ် (၅၀၀၃/၂၀၂၃–၂၀၂၄)ဖြင့် သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ)
## (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်မည့် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ခဲတံနှင့်ဘောလ်ပင်များ ဝယ်ယူမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်များနှင့် ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား ကန့်သတ်မှု မရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ)(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | ၂၄–၁၀–၂၀၂၃ရက်မှ<br>၆–၁၁–၂၀၂၃ရက်ထိ (ရုံးချိန်အတွင်း) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | ၆–၁၁–၂၀၂၃ရက်နေ့၊<br>ညနေ(၄:၃၀)နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန<br>(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် (၀၆၇–၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဗ–၂၊ ဦးပိုင်အမှတ်(၃၂)/၅၈x၅၉ ကြား၊ ၁၁၃x၁၁၄ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဇနီး ဒေါ်အေးရွှေ(ခ) ဒေါ်နန်းအေးရွှေ ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်း ဦးစိုင်းရီကျော် [၁၃/မဆတ(နိုင်) ၀၀၉၂၀]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ငင–၄၊ ဦးပိုင်အမှတ်(၃၅)/၁၀၄x၁၀၅ ကြား၊ ၅၆x၅၇ ကြားရှိ ဦးသန်းမောင် အမည်ပေါက်တောဂရန်မြေကွက်အား ဖခင် ဦးသန်းမောင်၊ မိခင်ဒေါ်လှညွှန့်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်သော ဦးကျော်မြင့်ဦး [၉/မရမ(နိုင်)၀၀၈၀၁၀]၊ ဒေါ်လှဆန်းဦး [၉/ခအဇ(နိုင်)၀၀၆၃၀၅] တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၁၁–၁၀–၂၀၂၃)ရက်နေ့ထုတ်ကြေးမုံသတင်းစာ၊ စာမျက်နှာ–၂၅ ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးခိုင်ဇင် (LL.B,D.B.L,D.I.L) (စဉ်–၁၀၁၂၄/၂၉–၇–၂၀၁၄) မှတစ်ဆင့်ထည့်သွင်းကြေညာသော ကန့်ကွက်ရန်ရှိ/မရှိ ကြေညာချက်အပေါ် ကန့်ကွက်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ) မန်နေဂျာ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကန့်ကွက်ကြောင်း ကြေညာပါသည် –

၁။ ဖော်ပြပါကြေညာချက်တွင်ပါရှိသော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၀)၊ လူနေရပ်ကွက်အမှတ် – သုဝဏ္ဏ (လူသုံးကုန်စက်ရုံအနီး)၊ မြေကွက်အမှတ် (၁၀၁) ဟုအမည် တွင်သည့်အမှတ် (၁၀၁)၊ စိန်ပန်းပြာလမ်း၊ (၂၉)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော ဧရိယာ (၀.၁၂၃) ဧကအကျယ်ရှိ ဒေါ်စန်းစန်းနွယ် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (2/RC) အမျိုးအစားအဆောက်အဦ ပစ္စည်းသည် ကျွန်ုပ်၏အမှုသည်ဖြစ်သူ မြန်မာ့ရှေ့ဆောင်ဘဏ်တွင် ဦးဇော်နိုင်ဦး [နိုင်ငံသားစိစစ်ရေးအမှတ် – ၁၂/စခန(နိုင်) ၀၄၇၇၃၈] နှင့်ဒေါ်စန်းစန်းနွယ် [နိုင်ငံသားစိစစ်ရေးအမှတ်–၁၂/စခန(နိုင်) ၀၁၄၇၅၈] တို့ကချေးငှား ထုတ်ယူခဲ့သောဘဏ်ချေးငွေများအတွက် အပေါင်အာမခံပစ္စည်းအဖြစ် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများကို အာမခံတင်သွင်းသော ပစ္စည်းများဖြစ်ပါသည်။

၂။ ဦးဇော်နိုင်ဦးနှင့် ဒေါ်စန်းစန်းနွယ်တို့က ဘဏ်ချေးငွေများပေးဆပ်ရန် ပျက်ကွက်သောကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ် – ၅၈/၂၀၁၃ ဖြင့်တရားစွဲဆိုခဲ့ပြီး အပြီးသတ် ဒီကရီ ချမှတ်ပြီးဖြစ်ပါသည်။ သို့ရာတွင် တရားရှုံးများဖြစ်ကြသော ဦးဇော်နိုင်ဦးနှင့် ဒေါ်စန်းစန်းနွယ်တို့က သတ်မှတ်နေ့ရက်ကာလ၌ ချေးငွေပေးဆပ်ခြင်းမပြု၍ (၂၁–၁–၂၀၁၆) ရက်နေ့တွင်ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်၌ တရားမဇာရီမှုအမှတ် – ၁၄/၂၀၁၆ ဖြင့် တရားမဇာရီမှုဖွင့်ပြီး ဖော်ပြပါအာမခံပစ္စည်းများကိုလေလံတင်ရောင်းချခဲ့ပါသည်။ ယခုအခါ ခရိုင်တရားရုံးများ တိုးချဲ့ခြင်းကြောင့် (၂၀–၉–၂၀၂၂) ရက်နေ့တွင်သဃ်န်းကျွန်းခရိုင်တရားရုံးတော်၌ တရားမဇာရီမှု အမှတ် – ၆၄/၂၀၂၂ ဖြင့် ဇာရီမှုဖွင့်လှစ်ပြီး အပေါင်အာမခံပစ္စည်းများကို ဆက်လက်၍ လေလံတင် ရောင်းချနေသည်မှာ စုစုပေါင်း (၁၃) ကြိမ်မြောက် ရှိပြီးဖြစ်ပါသည်။ လေလံတင်ရောင်းချခြင်းအား တရားရုံးအစီစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါပစ္စည်းများကို တရားရုံးတော် ဘီလစ်အရာရှိကိုယ်တိုင် တရားဝင်လေလံတင်ရောင်းချခြင်းမဟုတ်ပါက မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းဝယ်ယူခွင့် ရှိမည်မဟုတ်ကြောင်း၊ တရားရုံးပြင်ပ ဝယ်ယူလွှဲပြောင်းမှုများသည် တရားဝင်မည်မဟုတ်ကြောင်း အလေးအနက်သတိပေး ကန့်ကွက်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေကြည်ခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၁၈/၁၈–၅–၂၀၁၀)**
**အမှတ်–၁၁၈/၇–လွှာ(ညာ)၊ ၄၆ လမ်း(အထက်)၊ ၁၀ ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph–09–5113828**

Bagan Royal Star Construction Co., Ltd မှ
လက်ရှိ အသုံးပြုလျက်ရှိသော 25Ton Backhole
(၁)စီးအား ကျပ်သိန်း(၈၀၀)တိတိဖြင့်
အမြန်ရောင်းချလိုပါသည်။
HITACHI : ZX 250 LCH.3F, DAT–3
Running Hour : 11391
ဆက်သွယ်ရန်ဖုန်း : 09 510 6108
လိပ်စာ–အမှတ်(၁၀၆/ ၁၀၇)၊ အကွက်အမှတ်(၁၂၇၉)၊
နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁–စီမံကိန်း) ယုဇနလမ်း၊ မြေကွက်အမှတ်(၁၃၁)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျားxအနံ(၄၀ပေx၆၀ပေ)ရှိ (ဦးရန်ကင်း+၄)ဦးအမည်ပေါက်နှစ်(၆၀)မြေငှား ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်း မြေအကျယ်အဝန်း အလျားxအနံ(၂၀ပေx၆၀ပေ)ရှိ ဦးရန်ကင်း၊ ဒေါ်လှလှအေး နှင့် ဒေါ်ယဉ်ယဉ်အေးတို့ထံမှအဆိုပါအိမ်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလှသောင်း [၁၀/သဖရ (နိုင်)၀၂၇၇၈၅]ထံမှကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်နေခြည်ဝင်းလင်း [၁၄/လမန(နိုင်) ၀၀၁၄၉၇] နှင့် ဒေါ်ကေသီ[၁၄/လမန(နိုင်)၀၆၈၆၇၈]တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာ၀(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၀၁၂၅၃၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒီဇင်ဘာဥယျာဉ်အိမ်ရာ၊ ချယ်ရီလမ်း ၊ တိုက်အမှတ်(၉၉)၊ ပဉ္စမထပ်၊ (၆)လွှာ၊ အခန်းအမှတ်(၆၀၂) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဦးရဲရင့်ထွန်း [၁၂/ဒဂဆ(နိုင်)၀၂၂၇၃၇] မှ ဝန်ခံပြောဆိုရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးဖြိုးမွန် [၁၂/တမန(နိုင်)၁၁၆၄၉၀] မှဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါရှိသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၂၂၀၀)**
**အမှတ်(၆၂)၊ ပထမထပ်၊ အခန်း (၁၈)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၅၂၅၅၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇/ အနောက်၊ မြေကွက်အမှတ်– ၆၈၄/ခ၊ ဧရိယာ(၂၀'x ၆၀')မြေကွက်တည်နေရာအမှတ်–၆၈၄/ခ၊ မြေနီ(၅)လမ်း၊ ၇/အနောက်ရပ်ကွက် ၊ သာကေတမြို့နယ်(ဦးတင်ညွှန့်၊ MMA–၀၄၃၈၆၀)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်ညွှန့် (MMA–၀၄၃၈၆၀)(ဖခင်)၊ ဒေါ်လှမြင့်(မိခင်)တို့ကွယ်လွန်၊ ၎င်းတို့၏ သားသမီး(၆)ဦးတွင် သမီးတစ်ဦးဖြစ်သူ ဒေါ်လင်းလင်းစိုး(ဇနီး) ကွယ်လွန်ကြသဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးကျော်ရွှေ[၁၂/သကတ(နိုင်) ၀၅၅၂၁၁] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်– ၂၃၈၇၆/၂၀၂၂ ဖြင့် ရသူ ဦးနေသူအောင်[၁၂/သကတ(နိုင်)၁၄၂၈၆၇]နှင့် အမည်ပေါက်၏ ကျန်သားသမီး(၅)ဦးဖြစ်သူ ဦးမြတ်စိုး [၁၀/သထန(နိုင်)၂၀၁၈၀]၊ ဒေါ်ခင်ခင်စိုး [၁၂/သကတ(နိုင်) ၀၀၅၆၁၄]၊ ဒေါ်တင်တင်မိုး [၁၂/သကတ(နိုင်)၀၀၅၆၀၁]၊ ဒေါ်မြင့်မြင့်ပြုံး [၁၂/သကတ(နိုင်)၀၀၅၅၉၈]၊ ဒေါ်ရီရီချို [၁၂/သကတ(နိုင်) ၀၀၅၆၂၀]တို့မှ ကွယ်လွန်သူမိဘများတွင် သားသမီးအရင်းများအဖြစ် – ဦးမြတ်စိုး၊ ဒေါ်ခင်ခင်စိုး၊ ဒေါ်တင်တင်မိုး၊ ဒေါ်မြင့်မြင့်ပြုံး၊ ဒေါ်ရီရီချိုနှင့် ဒေါ်လင်းလင်းစိုးတို့ (၆)ဦးကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ ဦးကျော်ရွှေသည် ကွယ်လွန်သူ ဒေါ်လင်းလင်းစိုး၏ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ အခြားခင်ပွန်းတစ်ဦး တစ်ယောက်မျှမရှိကြောင်း၊ မြေအမည်ပေါက်ဖြစ်သူ ဦးတင်ညွှန့် (ဖခင်)နှင့် ဒေါ်လှမြင့် ၊ ဒေါ်လင်းလင်းစိုး တို့ကွယ်လွန်ပြီးနောက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်၏ ကျန်သားသမီး(၅)ဦး နှင့် သမက်(၁)ဦးဖြစ်သော မိမိတို့ (၆)ဦးသာလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြား အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ ဖခင်ဦးတင်ညွှန့်နှင့်သမီးဒေါ်လင်းလင်းစိုးတို့၏ သေဆုံးမှုလက်မှတ်၊ မိခင်ဒေါ်လှမြင့်၏ သေစာရင်းသွင်း(မိတ္တူမှန်)၊ အိမ်ထောင်စုလူဦးရေစာရင်း၊မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ကင်အင်း(ခ)ဒေါ်ကျင်ရင်
(သုံးခွနံယော)
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၄)၊ ဗိုလ်ရွဲလမ်း၊ မြေညီထပ်နေ (ချင်ယုံရှိ)၏ ချစ်လှစွာသော ဇနီး၊ [ဒေါ်မူကင်း (မကာအို)]၊ (ဦးလင်းဝေ-ဒေါ်စန်းစန်း)၊ (ဦးအောင်နု)-ဒေါ်လှလှ၊ (ဦးထွန်း)-ဒေါ်ကြွေရင်၊ ဦးထွန်းအောင်-ဒေါ်လှလှလှိုင်၊ (ဦးလှတင်)-ဒေါ်ခင်ခင်၊ ဦးအောင်မင်း- ဒေါ်နွယ်နွယ်ဝင်းတို့၏ အစ်မကြီး၊ ဦးထွန်းတင်-ဒေါ်ခင်လှမြင့်၊ ဦးကျော်သောင်း-ဒေါ်အေးအေး၊ ဦးယုဂျင်း-ဒေါ်ဝါဝါဝင်း၊ ဦးမောင်ဝင်း- ဒေါ်စမ်းစမ်းဝင်း၊ ဦးစိန်မြင့်-ဒေါ်လီလီရင်၊ ဦးမျိုးလှိုင်-ဒေါ်ဇာနည်ဖြိုးတို့၏ ကျေးဇူးရှင်မွေးမိခင်ကြီး၊ မြေး ၁၃ ယောက်တို့၏ ချစ်လှစွာသောအဘွား ဘုရားနှင့် မုခ်ဦး ဒါယိကာမကြီး ဒေါ်ကင်အင်း(ခ)ဒေါ်ကျင်ရင် (သုံးခွနံယော)သည် ၂၃-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ၂၅-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးဖူးကျန့်သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးအောင်မင်း(ခ)မိုဟာမက်ကမား
က.က.ယာ(ကြည်း ၉၆၅၁)(ငြိမ်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၃)လမ်း၊ အမှတ် (၃၅/၃၇)၊ လေးလွှာနေ (ဦးငွေဇင်-ဒေါ်လှတင်)တို့၏သား၊ (ဒေါ်ခင်ရီ)၊ (ဒေါ်ခင်မြင့်)တို့၏မောင်၊ ဦးအောင်သန်း၏အစ်ကို၊ ဦးကျော်ကျော်မင်း(ခ) ဦးဖိုးချို (C/E Ray Shipping Co.,Ltd)-ဒေါ်ကြည်ကြည်ဝင်း(ခ) Amy Win၊ ဦးဇော်ဇော်မင်း(ခ)ဦးဘိုနီ (Steel Oscar,Mandalay)-ဒေါ်နန်းခင်မေဝင်း၊ ဦးဇေယျာမင်း(ခ) ဦးဆံနီ(ကားရောင်းဝယ်ရေး၊ မန္တလေး)- ဒေါ်မော်မော်တို့၏ ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုး [ဒေါ်ခင်လေးမြင့် (အထက-၁၊ ပန်းဘဲတန်း၊ အ.ထ.ပြ-ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁၀-၂၀၂၃ ရက် ညနေ ၆:၃၀ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၃-၁၀-၂၀၂၃ ရက် ဇဟိုရ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒဖ်နာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ချောင်ကောက်ဖူး (ခ)ဦးခင်မောင်ရွှေ
### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၀)လမ်း၊ အခန်း (၅) မြေညီ၊ အမှတ် (၁၉၉)နေ (ချောင်ယူလိုင်-ဒေါ်လီဖုန်ယု)တို့၏ သား၊ [ဒေါ်ကြူစွတ်ဝါ(ခ) မဝါ]၏ခင်ပွန်း၊ မခင်မေဝင်း၊ မောင်ကောင်းရင်၊ မသဇင်ဝင်း တို့၏ဖခင်၊ မောင်ကောင်းဟိန်း၏အဘိုး ဦးချောင်ကောက်ဖူးသည် ၂၂-၁၀-၂၀၂၃ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းမြင့်
လက်ထောက်မန်နေဂျာ (အုပ်ချုပ်ရေး)
မြန်မာ့လေကြောင်း-ငြိမ်း၊
### အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေး (၄)လမ်း၊ အမှတ်(၃၅)နေ (ဦးသန်းညွန့်-ဒေါ်ကျင်ကျင်) တို့၏သား၊ (ဦးချစ်စိန်-ဒေါ်စောကြင်)တို့၏ သားသမက်၊ ဒေါ်အမာရီ (မြန်မာ့လေကြောင်း-ငြိမ်း)၏ ခင်ပွန်း၊ မခင်စောသန်း (မြန်မာအမျိုးသားလေကြောင်း)၊ [မောင်နိုင်လင်း(စီမံကိန်း)]တို့၏ ကျေးဇူးရှင် ဖခင်၊ (ဦးစန်းအောင်-ဒေါ်ကြည်ကြည်အေး)၊ ဒေါ်ခင်ခင်သန်း(အလုံ-၄၊ ငြိမ်း)၊ (ဦးမျိုးဝင်း)၊ ဒေါ်နန်းသူ၊ ဒေါ်တင်တင်ဝင်း၊ (ဦးစိုင်းကျော်သိန်း)-ဒေါ်ခင်ချို(မြန်မာအမျိုးသားလေကြောင်း)တို့၏ အစ်ကို၊ ကိုကျော် ကျော်လင်း၊ ကိုရန်နိုင်-မနန္ဒာ၊ ကိုရန်အောင်-မနွယ်နွယ်၊ ကိုအောင်ထက် ကျော်-မနန္ဒာလွင်၊ ကိုဇင်မင်းထွန်း-မကေခိုင်အောင်(အ.လ.က-၄၊ လှိုင်သာယာ)၊ မရတနာ ကျော် (မြန်မာအမျိုးသားလေကြောင်း)တို့၏ ဘကြီးသည် ၂၃-၁၀-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀- ၂၀၂၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ
အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့်
### အသက် (၇၄) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ (ဦးကြည်ခင်-ဒေါ်စောကြည်) တို့၏သမီး၊ ရန်ကုန်မြို့ အမှတ်(၆၅-L )၊ အရှေ့ဝါယာလတ် (၂)လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးထွဋ်နိုင်ဦး၊ ဦးဖုန်းမြင့်-ဒေါ်ဖြူဝင်းသန့်၊ ဗိုလ်မှူးနိုင်ထူးအောင်-ဒေါ်စုစုအေးတို့၏ မွေးသမိခင်၊ မသန့်အိန္ဒြာEliza၊ မခင်သဒ္ဒါသွန်းဆက်(ခ)Jessica၊ မောင် Evan ဖွဲ့ဇေသန့်တို့၏ ချစ်လှစွာသောအဘွား (ဦးအောင်နိုင်)၏ ဇနီးသည် ၂၃-၁၀-၂၀၂၃(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၂၃(သောကြာနေ့) နံနက် ၁၀:၀၀ နာရီအချိန်တွင် နေပြည်တော် အမှတ်(၂) ခုတင် ၁၀၀၀ တပ်မတော်ဆေးရုံကြီးမှ တပ်မတော် စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(ကျန်းမာရေးနှင့်ရောဂါနှိမ်နင်းရေးတပ် ဗိုလ်မှူးနိုင်ထူးအောင်-ဒေါ်စုစုအေးတို့၏ နေအိမ်မှ ကားများ နံနက် ၀၉:၀၀ နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၀၇:၀၀ နာရီမှ ၁၁:၀၀ နာရီထိ ဗိုလ်မှူးနိုင်ထူးအောင်-ဒေါ်စုစုအေးတို့၏ နေအိမ်သို့ ဆွမ်းသွပ်တရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်တီ(မုဒုံ)
### အသက်(၈၇)နှစ်

(ဦးမောင်သော်-ဒေါ်ငွေကြင်)တို့၏ သမီး၊ (ဦးသွင်-ဒေါ်မာ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၆)၊ ငါးလွှာ(B)၊ ပဒေသာလမ်း၊ အလုံမြို့နယ်နေ [ဦးဖေသိန်း (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)]၏ဇနီး၊ ဦးဝင်းနိုင်၊ ဦးမြတ်နိုင်-ဒေါ်စောစောအောင်၊ ဒေါ်စန္ဒာသိန်း [ကထိက၊ ဌာနမှူး၊ ရုက္ခဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်]တို့၏ မိခင်၊ မောင်ဖြိုးဟန်ကျော်-မသူဇာမြတ်နိုင်၊ မောင်ကောင်းမြတ်နိုင်တို့၏ အဘွားသည် ၂၃-၁၀-၂၀၂၃ ရက် နံနက် ၄:၄၅ နာရီတွင် ဂျပန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်မြသန်း (ကျွန်းလှ)
### အသက် (၇၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်နေ ဦးဘမော် (မြေစာရင်းဦးစီးမှူး-ငြိမ်း)၏ ဇနီး၊ သားသမီးကိုးယောက်တို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဘုရားအမ၊ ကျောင်းအမကြီး ဒေါ်မြသန်းသည် ၂၄-၁၀-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁:၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၈-၁၀-၂၀၂၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူး ဝမ်းနည်းကြေကွဲခြင်း

မမေရီမွန် (National Manager - Sale & Marketing) (Wut Hmone Trading Co.,Ltd) ၏ အစ်မဖြစ်သူ ဒေါ်မေရီတင်နှင့် ညီမဖြစ်သူ မမေစန္ဒာထွေးသည် (၁၉-၁၀-၂၀၂၃) နေ့တွင် ကွယ်လွန် သွားပါသဖြင့် ရင်နှင့်အမျှ ခံစားရပါသည်။ ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ အထူးကြေကွဲ ဝမ်းနည်းရပါသည်။

ဒေါက်တာစောဝင်း & ဒေါ်ခင်ဇာငြိမ်း
Wut Hmone Trading Co., Ltd.

## ကန့်ကွက်ရန် ရှိ/မရှိ ကြေညာခြင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ် (ခ/၁၅၈) အမည်ပေါက် ဒေါ်သက်သက်မာ မှတ်ပုံတင်အမှတ် [၁၂/ဒပန(နိုင်)၀၄၄၅၀၁]နှင့် ဒေါ်စန္ဒာစိုး မှတ်ပုံတင်အမှတ် [၁၂/သကတ(နိုင်)၁၅၆၆၄၆]တို့ ပိုင်ဆိုင်သော မြေအကျယ်အဝန်း ၂၅'x၅၀' အနက်မှ ဒေါ်စန္ဒာစိုး ပိုင်ဆိုင်သော မြေအကျယ်အဝန်း (၁၂'၃/၂''x၅၀')ကို ဒေါ်သက်သက်မာမှ လက်ရောက်ဝယ်ယူပြီးဖြစ်ကြောင်း သိရှိရန် ကန့်ကွက်ရန် ရှိ/မရှိ အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်သက်သက်မာ [၁၂/ဒပန(နိုင်)၀၄၄၅၀၁]**
**ဖုန်း - ၀၉ - ၇၉၄၉၉၆၂၄၃**

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဗိုလ်မှူး စိုးမြင့်
ဌာနမှူး(ငြိမ်း)၊ ဈေးများဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာလမ်း (၇)လမ်း-မြောက်၊ အမှတ် (၅၆၇)နေ (ဦးပွ-ဒေါ်ညွာ)တို့၏ သား၊ (ဦးထင်-ဒေါ်နှင်းမြိုင်)၏ သားသမက်၊ ဒေါ်ညွန့်ညွန့်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒုဗိုလ်မှူးကြီး မြတ်လှိုင်- ဒေါ်သက်မွန်စိုး၊ ဦးအောင်မြင့်သန်း-ဒေါ်သက်မာစိုး၊ ဦးနေထက်-ဒေါက်တာဥမ္မာစိုး၊ ဦးမင်းသီဟ-ဒေါ်ဂျူလိုင်မိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခုနစ်ယောက်တို့၏ဘိုးဘိုး ဗိုလ်မှူးစိုးမြင့် [ဌာနမှူး-ငြိမ်း၊ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)သည် ၂၄-၁၀-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး
## ဒေါ်ခင်ဆင့် (ပဲခူး)
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာဥယျာဉ်အိမ်ရာ၊ အမှတ်(၁၂)နေ (ဗိုလ်မှူးကြီးစိုးမြင့်)(ငြိမ်း) ဘ. ခ. ရ၊ သတ္တုတွင်းဝန်ကြီးဌာန၏ ချစ်လှစွာသောဇနီး၊ ဦးထင်လင်း (Project Director, MKTN Engineering Group Co., Ltd.)-(ဒေါ်သိင်္ဂီဝင်း)၊ ဒုတိယဗိုလ်မှူးကြီးရဲလင်းအောင်(ငြိမ်း)-ဒေါ်သဉ္ဇာနွယ်၊ ဦးကြည်ဟိန်း (Software Engineer Apple Inc, Singapore)-ဒေါ်နန်းယုယုလှိုင်၊ ဒေါ်သီတာစိုးတို့၏ ချစ်လှစွာသောမိခင်၊ မယွန်းရွှေစင်၊ မောင်အောင်မင်းခန့်၊ မရတနာလင်း ၊ မောင်လင်းစက်ဟိန်းတို့၏ ချစ်လှစွာ သော အဘွားသည် ၂၄-၁၀-၂၀၂၃ ရက် နံနက် ၂:၅၅ နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရား တော်နာကို ၃၀-၁၀-၂၀၂၃ ရက်နေ့တွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းဟန်
B.Sc (Physic) M.D Golden Falcon Co., Ltd
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄၄)၊ ၄၄လမ်းနေ (ဦးတီး-ဒေါ်ခင်တင့်)တို့၏ သား၊ ဒေါ်ခင်ထွေးမော်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်အောင်သိန်းဟန်၊ ဦးညီညီသိန်းဟန်၊ မဟန်ရှင်းသန့်တို့၏ ချစ်လှစွာသောဖခင် ဦးသိန်းဟန်သည် ၂၃-၁၀-၂၀၂၃ ရက် ည ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၅-၁၀-၂၀၂၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်မည့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများ ဗိုလ်အောင်ကျော်စာတိုက်ကြီးမှ ကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်မည်ဖြစ်ပါသောကြောင့် ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးသန့်
(အထက်တန်းကျောင်းအုပ်-ငြိမ်း)၊ ရမ်းဗြဲမြို့
### အသက်(၅၉)နှစ်

ရမ်းဗြဲမြို့၊ ရွှေတုံးရပ်ကွက်နေ (ဦးထွန်းလှအောင်)-ဒေါ်သိန်းလှ (အထက်တန်းကျောင်းအုပ်-ငြိမ်း)၏ သမီးကြီး၊ ဒေါ်နီနီလွင်၊ ဦးအောင်ချိုဦး-ဒေါ်ဖြူဖြူစန်း၊ ဦးအောင်ကျော်သန့်၊ ဦးအောင်ကျော်သင်း-ဒေါ်ခင်ခင်ဇော်တို့၏ အစ်မကြီး ဒေါ်အေးအေးသန့် (အထက်တန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း)သည် ၂၄-၁၀-၂၀၂၃ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဆွေမျိုးမိတ်ဆွေများနှင့် တပည့်သားသမီးများအား အသိပေးအပ်ပါသည်။ (ရမ်းဗြဲမြို့နယ်တွင် ၂၆-၁၀-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် သင်္ဂြိုဟ်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ နှင်းဆီလမ်း ၊ Hiway Complex အိမ်ရာ၊ တိုက်(B)၊ အခန်း(009-A)၏ အမည်ပေါက် ဒေါ်ခင်ဝင်းကြည် [၁၃/တကန(နိုင်)၁၂၁၆၈၆]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးမောင်မောင်သန်း [၁၂/လသန(နိုင်)၀၁၄၇၁၃]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၉၊ မြေကွက်အမှတ်- ၁၆/ခ-၂-အင်န်၊ မြေကွက်တည်နေရာအမှတ် (၁၆/ခ)၊ ရွာလယ်လမ်း၊ ဇ/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးကိုလေး [၁၂/သဃက (နိုင်)၀၄၆၇၉၃] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား (ဖခင်) ဦးကိုလေးသည် (၂၁-၆-၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ (မိခင်) ဒေါ်စိန်တင့်သည် (၂၆-၂-၂၀၁၅) ရက်နေ့တွင်လည်းကောင်း၊ (ညီမ) ဒေါ်တင်လေးနွယ်သည် (၁၀-၁၁-၂၀၁၄)ရက်နေ့တွင် အပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီး ကွယ်လွန်သဖြင့် ဦးကိုကိုဦး [၁၂/သဃက(နိုင်)၀၄၆၇၉၃]မှ ၎င်းတစ်ဦးတည်းကသာ တရားဝင် အမွေဆက်ခံခွင့်ရှိကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၀၃၉/၂၆-၅-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်/ကတ်တို့ကိုတင်ပြ၍ ၎င်းထံမှ GP (၃၂၆၉/၂၀-၂-၂၀၂၃)ဖြင့် ရရှိသူ ဦးကျော်ရီဝင်း [၁၀/ဘလန (နိုင်) ၀၀၀၁၇၆]မှ GP၊ ပါဝါကျမ်းကျိန်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေ...

❖ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့် ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


ယနေ့ ဖတ်စရာ

ကမ္ဘောဒီးယားနိုင်ငံ၌ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ စမတ်ဖုန်းများ အသုံးပြုမှုတားမြစ် စာမျက်နှာ » ၁၃

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ စာမျက်နှာ » ၁၄

အေးချမ်းပျော်ရွှင်စရာ ဘဝများဖြင့် . . . ဆောင်းပါး စာမျက်နှာ » ၁၇

မန္တလေးမြို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ စာမျက်နှာ » ၁၈


## ဟမွန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသော်လည်း ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် ဟမွန်း၏သက်ရောက်မှုကို ခံစားရနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဟမွန်းသည် အရှေ့ - အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ သံတွဲမြို့၏ အနောက်- အနောက်မြောက်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်- အနောက်မြောက်ဘက် ရေမိုင် ၁၄၀ ခန့်၊ မောင်တောမြို့၏ အနောက်ဘက် ရေမိုင် ၁၀၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဒီဂါမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၇၅ မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်- အရှေ့တောင်ဘက် ရေမိုင် ၈၀ ခန့်နှင့် စစ်တကောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✪

(၂၄-၁၀-၂၀၂၃)ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဟမွန်း” လမ်းကြောင်းပြ မြေပုံ




## ဖူလ်ဟမ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး စပါးအသင်း အမှတ်ပေးဇယားထိပ်ဆုံးသို့ တက်လှမ်း




ပရီမီယာလိဂ်ပွဲစဉ်(၉)ရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပါးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်မှာ စပါးအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

စပါးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၃၆ မိနစ်မှာ ဆွန်ဟောင်မင်က တစ်ဂိုးနဲ့ ၅၄ မိနစ်မှာ မက်ဒီဆင်က တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ စပါးအသင်းဟာ အခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ကိုးပွဲကစားပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၂၃ မှတ်ရရှိထားပြီး ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

စပါးအသင်းအနေနဲ့ လန်ဒန်ဒါဘီ ပွဲစဉ်တွေဖြစ်တဲ့ အာဆင်နယ်အသင်း၊ ဘရန်းဖို့ဒ်အသင်းတို့နဲ့ ပွဲစဉ်နှစ်ပွဲကတော့ သရေရလဒ်ထွက်ပေါ်ခဲ့လို့ အနိုင်သုံးမှတ် အပြည့်ရရှိမယ့် အခွင့်အရေးနဲ့လွဲခဲ့ရတာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၂၄

| | | | | |
|---|---|---|---|---|
| မောင်တော | ၂ | ဒသမ | ၈၀ | လက်မ |
| ထီးလင်း | ၂ | ဒသမ | ၆၇ | လက်မ |
| မာန်အောင် | ၂ | ဒသမ | ၅၉ | လက်မ |
| ကျိုက်လတ် | ၁ | ဒသမ | ၉၀ | လက်မ |
| စစ်တွေ | ၁ | ဒသမ | ၈၉ | လက်မ |
| ပေါက်တော | ၁ | ဒသမ | ၇၇ | လက်မ |
| ကျောက်တော် | ၁ | ဒသမ | ၆၆ | လက်မ |
| ဟားခါး | ၁ | ဒသမ | ၆၁ | လက်မ |